# ဗုဒ္ဓဂယာအကြောင်း
# သိကောင်းစရာ



တောမှီရဟန်း

၂၇၂၁၃


စာမူခွင့်ပြုချက်အမှတ် ၁၇၀/၂၀၀၁ (၂)
မျက်နှာဖုံးခွင့်ပြုချက် ၂၄၉/၂၀၀၁ (၄)

၂၀၀၁ ခုနှစ်၊ ဧပြီလ
အုပ်ရေ ၁၀၀၀

**အဖုံးကာလာခွဲ**

Sun

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ပုလဲမြို့-၃၊ ရွှေနံ့သာ၊ မင်္ဂလာဒုံမြို့နယ်။

**အတွင်းပုံနှိပ်သူ**
ဦးမြတ်ကျော် (မြတ်ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၁၇၊ လမ်း၃၀၊ ပန်းဘဲတန်း။

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖက်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး ၂၅၀ ကျပ်

**ကွန်ပျူတာ**
*Dream City*

# ပါရဂူ၏အမှာစကား

ငါးရာစုနှစ်က အိန္ဒိယသို့ အသက်ဆံဖျားစွန့်စားသွားရောက်ခဲ့သော တရုတ်ခရီးသည် ရဟန်းတော်ဖာဟီယန်သည် သူ၏အိန္ဒိယသွား ခရီးစဉ်ကို ရေးသားမှတ်တမ်းတင်ထားသည်။ ယင်းမှတ်တမ်းသည် ခရီးသွားမှတ်တမ်းစာပေ၏ အရှေ့ဦးဟု ဆိုနိုင်သည်။

ဗုဒ္ဓဘာသာဝင်များအပြင် ဗုဒ္ဓဘာသာဝင်မဟုတ်သူများလည်း အိန္ဒိယနိုင်ငံရှိ သံဝေဇနိယ လေးဌာနနှင့် တကွသော အခြားဗုဒ္ဓဌာနများကို သွားရောက်ကြသည်။ ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသို့ သွားရောက်ကြသော ခရီးသည်များထဲတွင် ကလောင်ကိုင်ခရီးသည်များပါသွားသောအခါ မိမိတို့၏ခရီးအကြောင်း မှတ်တမ်းတင်စာအုပ်များကို ရေးကြသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည်လည်း ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသော အိန္ဒိယပြည် ဗုဒ္ဓဌာနများသို့ ဘုရားဖူးသွားရောက်ကြသည်။ ယင်းခရီးသည်များထဲတွင် ကလောင်ကိုင်ခရီးသည်များပါသွားသောအခါ ဗုဒ္ဓဌာန အတွေ့အကြုံများကို ရေးသားမှတ်တမ်းတင်ကြသည်။

ဒွါရဂိုဏ်းချုပ် အုပ်ဖိုဆရာတော်ကြီးသည် ၁၈၈၀ ခုနှစ်တွင် အိန္ဒိယပြည် မဟာဗောဓိသို့ ဘုရားဖူးကြွရောက်မူသည်။ ဆရာတော်ကြီး

သည် ယင်း အိန္ဒိယခရီးကို မှတ်တမ်းတင်သည့် အနေဖြင့် "ဗောဓိသျှောင်"ရတုကို ရေးသားထားသည်။ အုပ်ဖိုဆရာတော်ကြီး အိန္ဒိယပြည်ကြွတော်မူသောအခါ ဆရာတော်ကြီးသည် သူ၏တပည့် ဦးဝိစိတ္တ (အင်္ဂပူဆရာတော်) လည်း ပါသွားသည်။ ဦးဝိစိတ္တသည် သူ၏ ခရီးအတွေ့အကြုံကို "မဟာဗောဓိဆောင်းပါးကြီး" ခေါင်းစဉ်ဖြင့် "ရတနာပုံ နေပြည်တော်" သတင်းစာတွင် ရေးသားခဲ့သည်။ အိန္ဒိယပြည် ဗုဒ္ဓဌာနအကြောင်းကို ရေးသားထားသော မှတ်တမ်းများအနက် ဒုတိယကမ္ဘာစစ် မတိုင်ခင်က ထွက်ပေါ်ခဲ့သော ဦးကိတ္တ၏ "အိန္ဒိယကြေးမုံ"သည် အစုံလင်ဆုံး စာအုပ်တစ်အုပ်ဖြစ်သည်။ ဘိုကလေးဦးသက်ရှည်လည်း အိန္ဒိယပြည် ဗုဒ္ဓဌာနများအကြောင်း ရေးသားဖူးသည်။

ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးခေတ်ရောက်လာသောအခါ အိန္ဒိယနိုင်ငံရှိ မဟာဗောဓိနှင့်တကွသော ဗုဒ္ဓဌာနများသို့ ဘုရားဖူးသွားကြသော မြန်မာလူမျိုးအများအပြား ပေါ်ပေါက်လာကြသည်။ ယခုလည်း သွားဆဲဖြစ်သည်။ နောင်ကိုလည်း အခြေအနေပေးလျှင်ပေးသလောက် သွားကြလိမ့်ဦးမည်။ ယင်းခရီးသည်များထဲတွင် ကလောင်ကိုင်ခရီးသည်များလည်း ပါသွားကြသည်။ ကလောင်ကိုင်ခရီးသည်များ ရေးသားမှတ်တမ်းတင်ထားကြသော အိန္ဒိယနိုင်ငံ ဗုဒ္ဓဌာနခရီးအတွေ့အကြုံစာအုပ်များ အရေအတွက် အတော်များများ ပေါ်ထွက်လာသည်ကို တွေ့ရသည်။ တောမိုရဟန်း ရေးသားထားသော "ဗုဒ္ဓဂယာအကြောင်း သိကောင်းစရာ" အမည်ရှိ ယခု စာအုပ်သည် ယင်းစာအုပ်များထဲက တစ်အုပ်အပါအဝင် ဖြစ်လာသည်။

တောမိုရဟန်းသည် "ဗုဒ္ဓဂယာအကြောင်း သိကောင်းစရာ" စာအုပ်တွင် သူ၏ဗုဒ္ဓဂယာခရီးကို အခြေခံ၍လည်းကောင်း၊ အိန္ဒိယ ရှေးဟောင်းကျမ်းစာများ၊ သမိုင်းများ၊ ကျောက်စာများကို အခြေခံ၍

လည်းကောင်း ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

မဟာဗောဓိအကြောင်းကို သီးသန့်ရေးထားသော စာအုပ်များ အင်္ဂလိပ်ဘာသာ၊ ဟိန္ဒီဘာသာစသော နိုင်ငံခြားဘာသာများဖြင့် အတော်များများ ထွက်ပေါ်လာခဲ့ကြသည်။ သို့ရာတွင် မြန်မာဘာသာဖြင့် မဟာဗောဓိအကြောင်း ရေးထားသော စာအုပ်မှာ တောမှီရဟန်း၏ "ဗုဒ္ဓဂယာအကြောင်းသိကောင်းစရာ" စာအုပ်မတိုင်ခင် က ဦးကိုတွင့်မဂ၏ "မဟာဗောဓိပုပ္ပတ္တိကထာ" စာအုပ် တစ်ခုတည်းသာ ရှိခဲ့သည်။

ယင်းစာအုပ်မှာ ဒုတိယကမ္ဘာစစ် မဖြစ်ခင်က ပေါ်ထွက်လာခဲ့သော စာအုပ်ဖြစ်ပြီး နောက်ပိုင်းတွင် ပြန်မရိုက်နိုင်သောကြောင့် ယခုအချိန်၌ ရှားပါးစာအုပ်ဘဝသို့ ရောက်ရှိနေပြီ။

ယင်းအခြေအနေတွင် တောမှီရဟန်း၏ "ဗုဒ္ဓဂယာအကြောင်းသိကောင်းစရာ" ထွက်ပေါ်လာခြင်းသည် အရေအတွက်များစွာ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားပြီး၊ သွားဆဲ၊ သွားလတ္တံ့ကြသော မြန်မာဗုဒ္ဓဘာသာဝင်ခရီးသည်များ၏ လိုအင်ဆန္ဒကို ဖြည့်ပေးလိမ့်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပေသည်။

ပါရဂူ

၁၇၊ ၁၂၀၀၁

# ဗုဒ္ဓဂယာအကြောင်း သိကောင်းစရာ

## ဗုဒ္ဓဂယာ

ခရစ်နှစ် ၂၀၀၀ ပြည့်၊ ဖေဖော်ဝါရီလ ၂၂ ရက် အင်္ဂါနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဗုဒ္ဓဂယာရှိ မဟာဗောဓိ စေတီတော်ကြီး၏ ခြေတော်ရင်းသို့ အဖူးအမြော် ရောက်ခဲ့ပါသည်။

ထိုစဥ် မဟာဗောဓိစေတီတော်ကြီးတည်ရှိရာ ဗုဒ္ဓဂယာ ဒေသ၏ အကြောင်း သိကောင်းစရာတွေကို ဗုဒ္ဓဂယာဘုရားဖူးများ သိထားရန် ရေးသင့်သည်ဟု စိတ်ကူးမိသည်။ သို့ဖြင့် နေရပ်သို့ ပြန်ရောက်ပြီးနောက် လက်လှမ်းမီသမျှ ရှာဖွေ စုဆောင်း၍ တင်ပြပါသည်။

၁၈၇၇ ခုနှစ်က "ရာဂျင်ဒြလာလ်မိတြ" (Rajendra Lall Mitra L.L.D.C.I.E) သည်၊ ဗုဒ္ဓဂယာကို သုတေသနပြုခဲ့၏။ သူ့စာတမ်း၌ ....

ဗုဒ္ဓဂယာအရပ်၏ အပိုင်းအခြား နယ်နိမိတ်မှာ အရှေ့ဘက်တွင် နေရဥ္ဇရာမြစ်။ အနောက်ဘက်တွင် မက်စတီပူရ်ရွာ၊ ခေါရရိုဝါရွာ၊ ဘူလုဝါရွာနှင့် တူရီရွာ။ တောင်ဘက်တွင် ရာမပူရ်ရွာ။ မြောက်ဘက်တွင် ဟရိဟာရပူရ်ရွာဟု သတ်မှတ်ထားသည်။ ဒေသ အကျယ်အဝန်းမှာ ဧက ၂၀၀၀ ဖြစ်၏။

၁၉၇၂ ခုနှစ် ကောက်ယူသော သန်းခေါင်စာရင်းအရ အိမ်ခြေ ပေါင်း ၄၉၇ အိမ်ရှိပြီး၊ လူဦးရေ ၃၀၅၀ တွင် ယောကျ်ား ၁၅၈၂ ယောက်၊ မိန်းမ ၁၄၆၀ ယောက်ရှိသည်။ မဟာမေဒင် ၃၉၂ ယောက် ဖြစ်၍ ကျန်လူအားလုံး ဟိန္ဒူများဖြစ်ကြသည်။ အချို့အိမ်မှာ ဒေသထုံးစံအတိုင်း မြေနံရံဖြစ်၍ အချို့မှာ စေတီပြို ကျောင်းပျက်များမှ အုတ်ကျောက်တို့ဖြင့် ဆောက်ထားကြသည်။

အခွန်ဝန်ရုံးစာရင်း၌ ဗုဒ္ဓဂယာကို "မက်စတီပူရ်တာရာဒီ" သို့မဟုတ် "တာရာဒီဗုဇ္ဇရာ" ဟူ၍လည်း သတ်မှတ်ထားသည်။ "တာရာဒီ" ဟူသော အမည်မှာ "တာရာဒေဝီနတ်သမီး" နတ်ကွန်းရှိသည်ကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။

"ဗုဒ္ဓဂယာ" ဟူသော အမည်သည်၊ ဗုဒ္ဓဘာသာ ပါဠိကော် နှင့် ဟိန္ဒူများ၏ သက္ကတကျမ်းများတွင် မရှိပေ။ ဟိန္ဒူများက မှည့်ခေါ်သော အမည်ဖြစ်သည်။

ဟိန္ဒူများအတွက် ဂယာမြို့ရှိ ဗိဿနိုးနတ်ကွန်းသည် သေလွန်သူကို ရည်စူး၍ (မတကဘတ္တ) သပိတ်သွတ်လှူဒါန်း အမျှဝေသောအခါ၌၊ ထိုနတ်ကွန်းတွင် တစ်ကြိမ်၊ မဟာဗောဓိပင်အောက်တွင် တစ်ကြိမ်

(၂) ကြိမ်လှူဒါန်းအမျှဝေပါမှ သေသူသည် ပြိတ္တာဘဝမှ လွတ်မြောက်သည်ဟု အယူရှိကြသည်။

အထက်ပါ (၂) ဌာနတွင် ဗောဓိပင်ဌာနကို ဂယာနှင့် ပိုင်းခြားသိလွယ်စေရန် "ဗုဒ္ဓ" နှင့် စပ်ဆိုင်သော နေရာဖြစ်သဖြင့် "ဗုဒ္ဓဂယာ" ဟု ခေါ်ကြောင်း မှတ်ချက်ပြုထားသည်။

မြောက်ပိုင်း ဗုဒ္ဓဘာသာ (မဟာယာန)၊ သက္ကတကျမ်း "လလိတဝိတ္တာရ" စာမျက်နှာ ၃၂၇ ၌ "မဟာဗောဓိ"ခေါ်ကြောင်း ပြဆိုထားသည်။ (Lalita-Vistara, P. 237)

## ဟူယင်ဆန့်မှတ်တမ်း

မဟာဗောဓိဌာနနှင့် စပ်လျဉ်း၍ သုတေသနပညာရှင် အများက အားထားကြရသည့် မှတ်တမ်းမှာ ခရစ် ၆၃၇ ခုနှစ်က တရုတ်ရဟန်းတော် ဟူယင်ဆန်၏ အိန္ဒိယ ဘုရားဖူးမှတ်တမ်း ဖြစ်သည်။

ဟူယင်ဆန်က သူ၏မှတ်တမ်းတွင် ဂယာမြို့မှ တောင်ဘက်တံခါးဖြင့်ထွက်ခဲ့ပြီး၊ ပထမဆုံးတွေ့ရသော အထိမ်းအမှတ်မှာ "ကဿပရသေ့" မွေးဖွားရာဌာန၌ တည်ထားသော စေတီတစ်ဆူဖြစ်သည်။ ထိုစေတီသည် "ဂယာသိတတောင်" မှ အရှေ့တောင်ထောင့် "နေရဉ္ဇရာမြစ်" အနီး၌ ရှိသည်။

ထိုနေရာမှ တောင်ဘက်မျက်နှာ (ယခုခေါ်နေကြသော) "မောရပဟား၏" တောင်နှင့် မျက်နှာခြင်းဆိုင်နေရာတွင် "ဂယာကဿပ" "နဒီ

ကဿပ" တို့ မီးနတ်ပူဇော်ရာ၌ စေတီနှစ်ဆူ ရှိသည်။

ထိုနေရာမှ "မောရပဟားရ်တောင်" သို့ ပြန်လာပြီး၊ ထိုမှ အနောက်တောင်ဘက်သို့ (၈) မိုင်ခန့်သွားမိလျှင် သိဒ္ဓတ္ထ မင်းသား ဘုရားအဖြစ်သို့ ရောက်တော်မူရာ "ဗောဓိပင်" သို့ ရောက်၏။

## သမ္မာသမ္ဗောဓိပင်

ဗောဓိပင်ကို ဝိုင်းရံကာထားသော အုတ်တံတိုင်းအတွင်း အလယ်တည့်တည့်၌ "ဝဇီရာသနပလ္လင်" နှင့် အတူရှိသော ဗောဓိပင် ဆိုသည်မှာ ညောင်ပင်အစစ်ဖြစ်သည်။ မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်အခါက ဤအပင်သည် ပေပေါင်းအရာမက မြင့်၏။ အကြိမ်ပေါင်းများစွာ ခုတ်ဖြတ်ဖျက်ဆီးကြသော်လည်း ပေ ၄၀-၅၀ခန့် မြင့်သေးသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် ဤအပင်အောက်၌ပင် "သမ္မာ သမ္ဗုဒ္ဓ" ဘုရားအဖြစ်သို့ ရောက်တော်မူသည်ကို အကြောင်းပြု၍ "သမ္မာသမ္ဗောဓိ ပင်" ဟူ၍လည်း ခေါ်ကြ၏။ အခွံအခေါက် အရောင်မှာ "ဝါဖြူရောင်" ဖြစ်၍ အရွက်အခက်များကား စိမ်းညိုသော အရောင်ရှိ၏။

## ကျောက်စေတီများ

ဗောဓိပင်ကို ခိုင်ခံ့သော အုတ်တံတိုင်းဖြင့် ကာရံထား၏။

တံတိုင်းသည် အရှေ့မှအနောက်သို့ အလျားပေ ၃၅၀၊ အနံပေ ၂၇၅ ပေခန့်ရှိသည်။ ပတ်ပတ်လည် ပေပေါင်း ၁၂၅၀ ရှိသည်။

တံတိုင်း၏ ပဓါနတံခါးပေါက်မှာ "နေရဥ္စရာမြစ်" ရှိရာ အရှေ့မျက်နှာ၌ ရှိသည်။ တောင်တံခါးပေါက်သည် ကြာပန်း တို့ဖြင့် ပြည့်နေသော ရေကန်နှင့်ဆက်နေသည်။ အနောက်ဘက်၌ တံခါးပေါက် မရှိပေ။ မြောက်မျက်နှာ တံခါးပေါက် အပြင်ဘက်၌ ကြီးကျယ်သော "မဟာဝိဟာရသံဃရာမ" ကျောင်း ရှိသည်။ သီတင်း သုံးလျက်ရှိသည်။

တံတိုင်းအတွင်း၌ ကျောက်စေတီငယ်ကလေးများ ပြည့်နှက် လျက်ရှိသည်။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရှိ မင်းများ၊ မှူးမတ်၊ သေနာပတိများ၊ သူဌေးများသည် ဘုရားသခင် အထိမ်းအမှတ်အလို့ငှာ အသီးသီး တည် လုပ်ထားခဲ့ကြလေသည်။ ထိုထို အထိမ်းအမှတ် ကျောက်စေတီငယ် ကလေးများ မရေတွက်နိုင်အောင် များပြားလှသဖြင့် အားလုံးကို သေချာ စွာ ဖော်ပြရန် ခဲယဉ်းသည်။

## ဖောခိပင်တစ်ပိုက်

ဗောဓိပင်မြောက်ဘက်၌ (၇) ရက်ပတ်လုံး အရှေ့မှ အနောက်သို့ စင်္ကြံကြွရာ ခြေလှမ်း (၁၀) လှမ်းခန့်ရှည်သော စင်္ကြံနေရာရှိ၍ ကြာသော ကာလကပင် လူတို့သည် ထိုနေရာကို (၃) ပေခန့်မြင့်သော အုတ်အင် တောဖြင့် ဖုံးအုပ်ထားသည်။

စင်္ကြံနေရာမှ မြောက်ဘက်လမ်း၏ လက်ဝဲဘက်တွင်၊ ကျောင်း

တစ်ဆောင်အတွင်း ကျောက်ဖျာတစ်ခုပေါ်တွင် မျက်လုံးတော်ကို အထက်သို့လှန်၍ ကြည့်တော်မူနေပုံ ရုပ်ပွားတော် တစ်ဆူရှိသည်။ "အနိမိသ သတ္တာဟ" ဖြစ်သည်။

ဗောဓိပင်အနီး အနောက်မျက်နှာ၌ ကျောင်းတစ်ဆောင်ရှိ သည်။ ထိုကျောင်းအတွင်း၌ အဖိုးတန်ကျောက်သံပတ္တမြားဖြင့် စီချယ်အပ်သော ကြေးဆင်းတုတော်တစ်ဆူ၊ အရှေ့ဘက်သို့ မျက်နှာမူ လျက်ရှိသည်။ ရုပ်တုတော်၏ အရှေ့၌ ဆန်းကြယ်သော အမှတ်အသားရှိသည့် ကျောက်ဖျာတစ်ချပ်ရှိသည်။ ဤ ကျောင်းတော်ကို ပထမအစ ဗြဟ္မာကြီးက ရတနာ (၇) ပါးဖြင့် ဖန်ဆင်း၍၊ တဖန် သိကြားမင်းက ရတနာ (၇) ပါးဖြင့်ပြီးသော ရတနာပလ္လင်တော်ကို ဖန်ဆင်းပေးလှူခြင်းဖြင့် ဘုရားသခင် (၇) ရက်တိုင်တိုင် သီတင်းသုံးခဲ့ သောနေရာ "ရတနာဃရ ရွှေအိမ်" ဖြစ်သည်။ နောင်ကာလရှည်လျား လာသောအခါ အဆိုပါ ရတနာတို့သည် ပကတိကျောက်သား ကျောက်တုံးများ ဖြစ်သွား သည်။

ဗောဓိပင်တောင်ဘက်တွင် အသောကမင်း၏ကောင်းမှု၊ ပေ ပေါင်း (၁၀၀) ခန့်မြင့်သော စေတီတော်တစ်ဆူရှိသည်။ ဤနေရာ၌ သိကြားမင်းသည် မြက်ရိတ်သူဟန်ဆောင်၍ ဘုရားလောင်းအား မိမိ၏မြက်ကို ခင်းထိုင်ရန် လှူဖူးသည်။

အထက် မြက်လှူရာရှိ စေတီတော်မှ မြောက်ဘက်အနီးတွင် စေတီတစ်ဆူရှိသည်။ ဘုရားအဖြစ်သို့ ရောက်ကာနီးတွင် သိကြား မင်းက ဖန်ဆင်းသော ငှက်ညို(ငှက်ခါး) တစ်အုပ်ကို ကောင်းသော နိမိတ်အဖြစ်ဖြင့် မြင်တော်မူရာဌာနဖြစ်သည်။

ဗောဓိပင် အရှေ့ဘက်ရှိ လမ်း၏ ဝဲ–ယာ၌ စေတီနှစ်ဆူ ရှိ၏။ ဤသည်ကား မာရ်နတ်၏ **"တဏှာ–အရတီ–ရာဂါ"** အမည်ရသော သမီး (၃) ယောက်အား အောင်မြင်တော်မူရာ ဌာနဖြစ်သည်။

ဗောဓိပင်မှ အနောက်မြောက်ထောင့်ရှိ ကျောင်းတော် တစ်ဆောင်အတွင်း၌ "ကဿပဘုရားသခင်" ၏ ရုပ်ပွားတော်တစ်ဆူ ရှိသည်။ ဤရုပ်ပွားတော်သည် တန်ခိုးကြီး၍ မကြာမကြာ ရောင်ခြည်လွှတ်လေ့ရှိသည့်အပြင် တစ်စုံတစ်ယောက်သောသူသည် အထူးကြည်ညိုသော စိတ်စေတနာဖြင့် ဤဘုရား ရုပ်ပွားတော်အား လက်ျာရစ် (၇) ပတ်လှည့်၍ ပူဇော်လျှင်၊ မိမိ၏ ရှေးဘဝက အဖြစ်အပျက်ကို မြင်နိုင်သည်ဟု ရှေးလူတို့ ပြောစကားရှိ၏။

ထို "ကဿပဘုရား" ကျောင်းတော်မှ အနောက်မြောက် ထောင့်၌ အုတ်တိုက်အခန်း (၂) ခန်းတွင် "ဝသုန္ဓရီ" နတ်သမီးပုံ (၂) ပုံရှိသည်။

ဗောဓိပင်ကို ကာရံထားသော တံတိုင်းမှ အနောက်မြောက် ထောင့်၌ "ကုဏ်ကုမ" ခေါ် စေတီတစ်ဆူရှိသည်။ ဤစေတီကို ပင်လယ်လှိုင်းလေကြား၌ ရက်ပေါင်းများစွာ အတိဒုက္ခရောက်နေသော သင်္ဘောသား ကုန်သည်တစ်စုသည် ဘုရားသခင်ကို အဓိဋ္ဌာန်ပြု၍ အသက်ဘေးမှ လွတ်ငြိမ်းသောကြောင့် တည်လုပ်သောစေတီ ဖြစ်သည်။

ဗောဓိပင်၏ အရှေ့တောင်ထောင့်၌ ညောင်ပင်တစ်ပင်နှင့် ကပ်လျက်ရှိသည့် စေတီတစ်ဆူအနီးတွင် တန်ဆောင်း တစ်ဆောင် ရှိသည်။ ထိုတန်ဆောင်းတော်အတွင်း၌ တင်ပလ္လင်ခွေ ဘုရားရုပ်ပွား တစ်ဆူရှိသည်။ ဤဘုရားကား၊ ဘုရားအဖြစ်သို့ ရောက်ပြီးနောက်

"သဟာမွတိဖြဟ္မာကြီး" က တရားဟောရန် တောင်းပန်သော နေရာဖြစ်သည်။

မဟာရုံတံတိုင်း ထောင့် (၄) ထောင့်တွင် အသီးသီး စေတီကြီးတစ်ဆူစီရှိသည်။ ဘုရားလောင်းသည် ဘုရား ဖြစ်ထိုက်သော ပလ္လင်နေရာကို လှည့်လည်ရှာဖွေသော အရပ် (၄) မျက်နှာ အထိမ်းအမှတ်ကိုပြသော စေတီတော်များဖြစ်သည်။

ဤသည်တို့မှာ ဗောဓိပင် မဟာရုံတံတိုင်းအတွင်းရှိ ပဓာနအဆောက်အဦးများဖြစ်၍ တံတိုင်းအပြင်ဘက်ရှိ အဆောက်အဦး တို့ကို ဖော်ပြပါဦးမည်။

## ဗောဓိပင်တံတိုင်း အပြင်ဘက်၌

တံတိုင်း၏ အပြင်ဘက်၊ အနောက်တောင်ထောင့်၌ "သုဇာတာ" တို့နေရာတွင် စေတီတစ်ဆူ၊ ထို စေတီနဘေးနားတွင် "ဂဏာနို့ဆွမ်းချက်ရာ" ၌ စေတီတစ်ဆူ၊ ၎င်းတို့အနီး၌ပင် ဘုရားသခင် နို့ဆွမ်းကိုခံယူရာ၌ စေတီတစ်ဆူ၊ မဟာရုံတံတိုင်း တောင်တံခါး၏ အပြင်ဘက်၌ ပတ်လည် (ပေ–၁၈၅၀) ကျယ်ဝန်းသော ရေကန်တစ်ကန်ရှိသည်။ ရေသည် ကြည်လင်သန့်ရှင်း၍ နဂါးနှင့်ငါးများ နေကြသည်။ ဤရေကန်ကို "မဟေသရ နတ်မင်း" ၏ ညွှန်ကြားချက်အရ ပုဏ္ဏားညီနောင် (၂) ယောက်က တူးဖော်သည်။

အထက်ပါရေကန်မှ တောင်ဘက်၌ ရေကန်တစ်ကန် ရှိသေး၏။

ဘုရားသခင် ရေသပ္ပါယ်ရန်အလို့ငှာ၊ သိကြားမင်းက ဖန်ဆင်းသော ရေကန်ဖြစ်သည်။ ထိုနေရာမှ အနောက်ဘက်တွင် ဘုရားသခင် သင်္ကန်းတော်ကို လျှော်ဖွပ်ရန်အလို့ငှာ သိကြားမင်း ယူဆောင်လာသော ကျောက်ဖျာကြီး တစ်ချပ်ရှိသည်။

ထိုကျောက်ဖျာ၏ နံရံအနီး၌ စေတီတစ်ဆူရှိသည်။ ဤ နေရာ၌ ဘုရားသခင်သည် သင်္ကန်းတော်ကို လှမ်းဖူးသည်။ (၎င်းသည် ယခုအခါ အုတ်ပုံဖြစ်နေ၍ မြေပုံ၌ ရှေးဟောင်းနေရာ " Old Site "ဟု ပြထားသည်။

ထိုမှ တောင်ဘက်တောထဲ၌ ဆင်းရဲသော အမယ်အိုကြီး တစ်ယောက်က လှူဒါန်းသောသင်္ကန်းကို အလှူခံရာတွင် စေတီတစ်ဆူ ရှိသည်။

သိကြားရေကန်မှ အရှေ့မျက်နှာတောထဲ၌ "**မုစလိန္ဒာ**" ရေအိုင် ရှိသည်။ ရေမှာ စိမ်းညို့ကြည်လင်သည်။ ဤရေအိုင်၏ အနောက် မျက်နှာတွင် ဘုရားတန်ဆောင်းတော် တစ်ဆောင်ရှိသည်။ ၎င်းနေရာ၌ ဘုရားသခင်သည် (၇) ရက်တိုင်တိုင် ဖလသမာပတ်ကို ဝင်စား သီတင်း သုံးဖူးသည်။

(အဆိုပါ ရေကန်သည် ယခုတိုင်ရှိသေး၍ "မူကျာရိမ်" ဟု ခေါ်ဝေါ်ကြသေးသည်။(Buddha Gaya, P. 55)

မုစလိန္ဒာအိုင်၏ အရှေ့ဘက်၌ တောထဲတွင် ကျောင်းတစ် ဆောင် ရှိသည်။ ၎င်းကျောင်းအတွင်း၌ အလွန်ပိန်ချုံး ကြုံလှီနေသော ဆင်းတုတော်တစ်ဆူ ရှိသည်။ ဤသည်မှာ ဘုရားလောင်း "**ဒုက္ကရ စရိယာ**" ကျင့်ရာဌာနဖြစ်၏။ ထိုနေရာနှင့် ကပ်လျက် နံဘေးတွင်

ခြေလှမ်း (၇၀) ခန့်ရှည်သော အလောင်းတော်မင်းသား၏ စင်္ကြံတော် နေရာရှိ၍ ဘေးတစ်ဘက်တစ်ချက်တွင် ညောင်ပင် တစ်ပင်စီရှိသည်။

ဒုက္ကရစရိယာကျင့်ရာ ညောင်ပင်နံဘေးအနီး၌ပင် စေတီ တစ်ဆူရှိ၏။ ဤနေရာသည် "အညာတ–ကောဏ္ဍည" အစရှိသော ပဥ္စဝဂ္ဂီရသေ့ (၅) ဦးတို့ သီတင်းသုံးရာ ဖြစ်၏။ ထိုစေတီ၏ အနောက် တောင်ထောင့်၌ စေတီတစ်ဆူရှိသည်။ ဘုရားလောင်းသည် "နေရဋ္ဌရာ မြစ်" သို့ ရေသပ္ပါယ်ရန် ဤနေရာမှ ဆင်းတော်မူဖူးသည်။

ထိုနေရာအနီး မြစ်ကမ်းပါး၌ပင် ဂဏာနို့ဆွမ်းကို ခံယူရာ ဌာနရှိသည်။

အထက်ပါ နေရာနံဘေးအနီး "တဖုဿ–ဘလ္လိက" ကုန်သည် ညီနောင်တို့ ပျားနှင့်ဂျုံရောသော မုန့်ကို ကပ်လှူရာဌာန၌ စေတီတစ်ဆူ ရှိသည်။

၎င်းနေရာအနီးတွင် "စတုမဟာရာဇ်နတ်မင်းကြီး" (၄) ယောက်၊ သပိတ်ကပ်ရာဌာန၌ စေတီတစ်ဆူရှိသည်။

သပိတ်လှူရာဌာနနှင့် အနီး၌ စေတီတော်ကြီးတစ်ဆူရှိသည်။ ဤသည်ကား ဘုရားအဖြစ်သို့ ရောက်ပြီးလျှင်ပြီးချင်း မယ်တော် မိနတ်သားအား တရားဟောရာဌာန ဖြစ်သည်။ (တောင်ပိုင်း ဗုဒ္ဓဘာသာ၊ ထေရဝါဒီ အယူဝါဒနှင့်မတူ)

အဆိုပါဌာန နံဘေးတွင် ခြောက်သွေ့သော ရေအိုင်ကန် ဘောင်ရိုးပေါ်၌ စေတီတစ်ဆူရှိသည်။ ဘုရားသခင်သည် ဤ နေရာ၌ "တန်ခိုးပြာဋိဟာပြလျက်" သတ္တဝါအများကို ချွတ်ဖူးသည်။

တန်ခိုးပြာဋိဟာပြရာ စေတီနံဘေးတွင် အခြားစေတီ တော်တစ်ဆူရှိသည်။ ဤနေရာ၌ ဘုရားသခင်သည် "ဥရုဝေလ ကဿပ၊ နဒီကဿပ၊ ဂယာကဿပ" ညီနောင် (၃) ဦးနှင့်တကွ အထောင်မကသော တပည့်တို့အား ချေချွတ်တော်မူသည်။

အထက်ပါစေတီမှ အနောက်မြောက်ထောင့်၌ "ကဿပ ညီနောင်" တို့ ကိုးကွယ်သော နဂါးကိုအောင်မြင်ရာဌာနတွင် စေတီတစ်ဆူရှိသည်။ ထိုအနီး၌ပင် ပစ္စေကဗုဒ္ဓါ (၅၀၀) တို့ တစ်ပြိုင်နက် ပရိနိဗ္ဗာန်စံဝင်ရာဌာန စေတီတစ်ဆူရှိသည်။

မုစလိန္ဒာအိုင်မှ တောင်ဘက်မျက်နှာတွင် စေတီတော် တစ်ဆူရှိ၍ "ကဿပရသေ့" သည်၊ ဒီရေလွှမ်းမိုးသောဘေးမှ ဘုရားအား ကယ်ဆယ်ရန် သွားရောက်သောနေရာ ဖြစ်သည်။

ဗောဓိတံတိုင်း အရှေ့တံခါးအပြင်ဘက် "၂ လီ၊ ၃ လီ" အကွာတွင် မျက်မမြင်နဂါး၏ အိမ်ရှိသည်။

တံတိုင်း၏ အရှေ့တံခါး အပြင်ဘက်နံဘေး၌ စေတီ တစ်ဆူရှိသည်။ ဤနေရာ၌ မာရ်နတ်သည် ဘုရားလောင်းအား စစ်သည်တော်များနှင့် စွမ်းအားရှိသလောက် ခြိမ်းခြောက်ဖူးသည်။

အဆိုပါ စေတီအနီး၌ပင်၊ သိကြားမင်းတည်သော စေတီ တစ်ဆူ၊ ဗြဟ္မာမင်းတည်သော စေတီတစ်ဆူ ပေါင်း (၂) ဆူရှိသည်။

# မဟာဗောဓိ သံဃာရာမကျောင်း

မဟာဗောဓိတံတိုင်း၏ မြောက်တံခါးအပြင်ဘက်၌ ဘုရင်၏ ကောင်းမှု "မဟာဗောဓိ သံဃာရာမ" ခေါ်ကျောင်းတော် တစ် ဆောင်ရှိ၍ ဤကျောင်းတော်၌ အခန်းကျယ်ကြီး (၆) ခန်းရှိ၏။ သုံးဆင့်တိုက် ဖြစ်သည်။ ကျောင်းတော်ကို ပေ ၃၀၊ ၄၀ ခန့်မြင့်သော မဟာရံတံတိုင်းဖြင့် ဝိုင်းရံထားသည်။

၎င်းအတွင်းရှိ ဘုရားရုပ်ပွားတော်ကို ရွှေ ငွေဖြင့် သွန်း လုပ်ပြီး လျှင် အဘိုးတန် စိန် ကျောက်တို့ဖြင့် စီခြယ်ဆင်ယင်ထားသည်။ ကျောင်းအတွင်း၌ အလွန်လှပတင့်တယ်သော "ဘုရားဓာတ်တော်စစ်" ကို ဌာပနာထားသည့် စေတီများရှိသည်။ အရိုးဓာတ်တော်များသည် လက်ချောင်း (လက်ညှိုး) ဖျားခန့်ရှိ၍ ဖြူဖွေးတောက်ပသော အရောင် အဆင်းရှိသည်။ အသား ဓါတ်တော်များသည် ပုလဲစစ်ကဲ့သို့ နီကြန့်ကြန့် အရောင် ရှိသည်။

နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့တွင် အဆိုပါ ဓာတ်တော်များ ကိုထုတ်လျက် အများလူတို့ အပူဇော်ကို ခံယူလေ့ရှိသည်။ ထိုသို့ အပူဇော်ခံသောအခါ တစ်ခါတစ်ရံ ရောင်ခြည်တော်လွှတ်သည်။

ဤကျောင်း၌ သံဃာတော် (၁၀၀၀) ကျော်ခန့် သီတင်းသုံး လျက်ရှိသည်။ ၎င်းရဟန်းတော်တို့သည် "ထေရဝါဒီ"ဖြစ် သည်နှင့်အညီ ဝိနည်းတရားတော်ကို အလွန်လေးမြတ် ရိုသေကြသဖြင့် အကျင့်အာစာရ

အထူးဖြူစင်သန့်ရှင်းကြသည်။ အဆိုပါ ကျောင်း၌ ကျွန်းသား ရဟန်းတော်များစွာ သီတင်းသုံး၍လျက်ရှိသည်။

## မဟာဗောဓိ စေတီတော်

ဗောဓိပင်တံတိုင်း အပြင်ဘက် အရှေ့မျက်နှာ၌ ပေ(၁၆၀) (၁၇၀) ခန့်မြင့်သော တန်ဆောင်းတော်ကြီး (မဟာဗောဓိစေတီ တော်) ရှိသည်။ စေတီတော်ကြီး၏ အောက်ခြေနံရံ (၄)ဘက် (၄) မျက်နှာရှိ၍ တစ်မျက်နှာလျှင် ခြေလှမ်း (၂၀)ကျော်ခန့်စီ ရှိသည်။

စေတီတော်ကြီးကို ထုံးအင်္ဂတေဖြင့် မွမ်းမံအပ်သော အုတ်ညို တို့ဖြင့် ဆောက်လုပ်ထားသည်။ အားလုံးသော (၄)ဘက် (၄) မျက်နှာ နံရံကပ်လိုဏ် မုခ်တို့၌ ရုပ်တုတော်များ ထားရှိသည်။ ထို့အပြင် ပုလဲ ကုံးလုံး၊ ဈာန်ပျံရသေ့တို့၏ ပုံများဖြင့် ဆန်းကြယ်စွာ ထုလုပ်ချယ်လှယ် ထားသည်။ စေတီတော်ကြီး၏ ထိပ်ဖျား၌ ရွှေရည်ပွတ်သော ကြေးနီဖြင့် ပြုလုပ်သည့် သျှိသျှားသီးအဖူး တပ်ဆင်ထားသည်။

အရှေ့မျက်နှာ အဆောင်တစ်ခု၌ အစွန်းလွတ်နေသော (တံစက် မြိတ်) ခေါင်မိုးစွန်းတို့သည် တစ်ခုအပေါ်၌ တစ်ခုဆင့်ကာ ဆင့်ကာ အဆင့် (၃)ဆင့်တိုင်အောင် ရှိသည်။ အစွန်းထွက် နေသော ခေါင်မိုးစွန်း၊ တိုင်၊ ယက်မ၊ ထုတ်၊ တံခါးနှင့် ပြတင်းပေါက်တို့၌ ရွှေ ငွေတို့ဖြင့် စီခြယ်ထား၍ အကြားအကြားတို့တွင် စိန်၊ ကျောက်၊ ပုလဲများကိုလည်း ထည့်သွင်းထား၏။

စေတီတော်ကြီး၏ လိုဏ်အတွင်း၌ မှောင်မဲနေသော အခန်းကြီး အခန်းငယ်များတွင် (၃)ဆင့်တိုင်အောင် တံခါး အသီးသီးရှိသည်။ အဝင်ဝ တံခါးမကြီး၏ ဝဲ-ယာ၌ အခန်း ကဲ့သို့သော နံရံကပ်လိုဏ်မုခ် (၂)ခု ရှိသည်။ လက်ဝဲဘက်မုခ်၌ "အဝလောကိတေသွရ" ဗောဓိသတ္တ ဘုရားလောင်းရုပ်တု၊ လက်ျာဘက်မုခ်၌ "အရိမတ္တေယျ" ဗောဓိသတ္တ ဘုရားလောင်းရုပ်တုကို ပူဇော်ထားရှိသည်။ ရုပ်တု (၂)ဆူသည် ဉာဏ်တော် (၁၀) ပေခန့် မြင့်သည်။

ဤ မဟာဗောဓိစေတီတော်ကို အစပထမ အသောကမင်း တည် လုပ်ခဲ့သည်။ နောင်သောအခါ ပုဏ္ဏားတစ်ယောက်က ငယ်သည်ထင်၍ ထပ်မံတည်ဆောက်ခဲ့သည်ဟု ခရစ်(၆၃၇) ခုနှစ်၌ သူမြင်တွေ့ခဲ့ရသော ဗုဒ္ဓဂယာဒေသတစ်ဝိုက်နှင့် မဟာဗောဓိစေတီတော်ကြီး အကြောင်းကို တရုတ်ရဟန်းတော် "ဟူယင်ဆန်" က သူ့မှတ်တမ်းတွင် ဖော်ပြ ထားသည်။

## ကျောက်စာဝန်မှူး အဆို

ဗောဓိပင်ကို ရှေးရှေးက မိစ္ဆာလူမျိုးတို့သည် အကြိမ်များစွာ ခုတ်ဖြတ်ဖျက်ဆီးခဲ့ပါသော်လည်း ဗောဓိပင်မှာ ကျန်ရစ်ခဲ့သော အမြစ်မှ ပြန်၍ပြန်၍ ကြီးပွားလာသည်ဖြစ်ရာ နောက်ဆုံး ခုတ်ဖြတ်သူမှာ ဟိန္ဒူဘုရင် "ဆဆာက်"ဖြစ်သည်။

ထို့နောက် မဂဓတိုင်းကို အစိုးရသော "မောရိယအနွယ်ဝင်"

"ပူရဏာဗရမာ" (ပုဏ္ဏဝမ္မာမင်း) က ထပ်မံပြုစု ပျိုးထောင်သည်။

၁၈၀၉ ခုနှစ် "ဗူချနန်-ဟောမိလ်တန်" ဗုဒ္ဓဂယာသို့ ရောက်စဉ် ဗောဓိပင်မှာ မသေသေးပဲရှိသည်။ ဝေဆာစိမ်းစိုလျက် ပင်ရှိသေးသည်။ အပင်သက်တမ်းမှာ နှစ်ပေါင်း ၁၀၀ ထက် မကျော်ဟု ခန့်မှန်းထားသည်။ (Martin's Eastern India, Vol.1. p-76)

၁၈၆၁ ခုနှစ် "ဂျင်နရယ်-ကံနင်ဂဟာမ်" လာရောက်သော အခါ၌ ဗောဓိပင်မှာ မသေပဲရှိသေး၏။ သို့ရာတွင် များစွာအိုမင်း နေလေပြီ။ အနောက်ဘက်မျက်နှာ၌ အကိုင်း (၃)ကိုင်းနှင့်တကွသော ပင်စည်တစ်ခုသည် စိမ်းစိုလျက်ရှိသော်လည်း၊ အခြား အကိုင်းအခက်တို့မှာ ခြောက်သွေ့ဆွေးမြေ့လျက် အခေါက်အခွံ များပင် ကွာနေလေပြီ။ ၎င်းနေရာ၌ အပင်များ အများအပြား ထွေးရစ်လျက်ရှိနေသည်ကို ထောက်လျှင် တစ်ပင်တည်းမဟုတ်ဘဲ၊ အပင်များစွာ တစ်နေရာတည်း၌ ထပ်မံစိုက်ပျိုးထားဟန် တူသည်။(Arch. Surv. Report, Vol. 1. p-5)

၁၉၆၃ ခုနှစ်တွင် ဗောဓိပင်ကြီးသည် အနောက်ဘက်သို့ ယိမ်းယိုင်လဲပြိုလုမတတ် ရှိနေ၍ အခက်များသာ ရှင်နေသည်ကို တွေ့ရသည်။ (Buddha Gaya Page. 99)

၁၈၇၆ ခုနှစ်သို့ ရောက်သောအခါ ဗောဓိပင်အိုသည် လေနီကြမ်းဆောကြောင့် လုံးဝပြိုလဲသွားသဖြင့်၊ ၎င်းအပင်၏ မျိုးစေ့မှ ပေါက်ပွားလာသော (၃)ပေခန့်ရှိ အပင်ငယ်ကို ယခင်ပင်မကြီး၏နေရာ၌ ကျောက်စာဝန် "ဂျင်နရယ် ကံနင်ဂဟာမ်" တို့က စိုက်ပျိုးထားခဲ့သည်။ (Buddha Gaya Page. 100)

# နှတ်တို့ပြောင်းရွှေ့ကြ၏

ဗောဓိပင်ငယ်ကို စိုက်ကြသောအခါ ယခင်ဗောဓိပင်ကြီး ၏ အရိပ်အာဝါသအောက်၌ ဟိန္ဒူမဟာန့်တို့ တင်ထား ကိုးကွယ်သော ဟိန္ဒူနတ်ရုပ်တုကြီးများ ဖြစ်သည့် –

၁။ လက်လေးဖက်ရှိ မဟာဒေဝနတ်ရုပ်တု၊

၂။ ဗိဿနိုးနတ်မင်းနှင့် ကြင်ရာ သီရိနတ်သမီး စုံတွဲ ရုပ်တု၊

၃။ မဟာဒေဝနှင့် ၎င်း၏ကြင်ရာ "ပရဗသီနတ်သမီး စုံတွဲ ရုပ်တု။ ပရဗတီနတ်သမီးက မဟာဒေဝ၏ ရင်ခွင် ထက်ထိုင်၍ လက်နှစ်ဖက်ဖြင့် လင်သယ်မဟာဒေဝ နတ်မင်း၏ လည်ပင်းကို တင်းကြပ်စွာ ဖက်ထားသည်။ လင်သယ် မဟာဒေဝ နတ်မင်းကလည်း မယားပရဗတီ နတ်သမီး၏ ရင်ဘတ်ကို လက်တစ် ဖက်ဖြင့်ကိုင်၍ အခြားလက် တစ်ဖက်ဖြင့် ပါးကို ကိုင်ဆွဲထားသည်။ (ထိုပုံမျိုးကို 'သျှတ်တိ' ပုံဟုခေါ်သည်)

၄။ မဟာဒေဝနှင့် ပရဗတီနတ်သမီးတို့မှ ဖွားမြင်သော "ဂနေသျှ" (မဟာပိန္နဲ) လူ့ကိုယ်နှင့် ဆင်ခေါင်းတပ်ထားသော နတ် ရုပ်တုကို မဟာန့်က ရွှေ့ပြောင်းယူဆောင်သွား၏။

# ဗုဒ္ဓဂယာကို မဟန့်တို့ ပိုင်စိုးခြင်း

ဗုဒ္ဓဘာသာဝင်တို့၏ ဦးခိုက်ရာဖြစ်သော မြတ်စွာဘုရား သခင်ပွင့်တော်မူရာဌာနဖြစ်သည့် ဗုဒ္ဓဂယာကို ဟိန္ဒူ မဟန့်တို့က ငါပိုင်ပြုလုပ်နေကြသော အကြောင်းအရင်းမှာ –

ခရစ် ၁၇၂၇ ခုနှစ်က ထိုဒေသတစ်ဝိုက်ကို အုပ်စိုးနေသော "ပသီဘုရင်" လာလ်ဂိရ် အမည်ရှိသော မဟန့်အား၊ အမိန့် ပြန်တမ်းဖြင့် ဗုဒ္ဓဂယာရွာကို အပိုင်စားပေးခဲ့ခြင်းကြောင့်ဟု ဆိုရပေမည်။ ယခု ခရစ် ၂၀၀၀ ပြည့်အထိ ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော်ကြီးသည် ဘာသာ ခြား ဟိန္ဒူ မဟန့်တို့လက်ထဲတွင်ပင် ရှိနေဆဲဖြစ်သည်။

ဆားဟ် အာလမ် (ပသီဘုရင်)၏ အမတ်ကြီးက လာလ်ဂိရ် အမည်ရှိသော ဟိန္ဒူ မဟန့်အား ဗုဒ္ဓဂယာရွာကို အပိုင်စားပေးခဲ့ သော အမိန့်ပြန်တမ်း မိတ္တူကို တင်ပြပါမည်။

# ဗုဒ္ဓဂယာရှိ မဟန့်အိမ်တော်

မဟာဗောဓိစေတီတော်ကြီးအနီး ပေတစ်ရာလမ်း၏ နံဘေး၊ နေရဥ္စရာမြစ်၏ လက်ဝဲကမ်းမှာ မြေဧက ၂၀–ကျယ်ဝန်း သော ဥယျာဉ်နှင့် မဟာရံတံတိုင်းအတွင်း၌ ကြီးမားမြင့်မောက်သော တိုက်အိမ်ကြီးမှာ ကြီးပွားချမ်းသာနေသော မဟာဗောဓိ စေတီတော်ကြီး၏ ဘဏ္ဍာတော်

ထိန်း၊ မဟန္တကီဇော်ဂျီ (မဟန့်)၏ နေအိမ်တော်ကြီးဖြစ်သည်။

ထိုအိမ်ကြီး၏ အချို့နေရာ၌ လေးဆင့်ရှိ၍ များသောအားဖြင့် ကား၊ သုံးဆင့်တိုက်ရှည်ကြီးသာ ဖြစ်သည်။ ပတ်လည်သုံး မျက်နှာ ဝရံတာအဆင့်ကို ရှေးဟောင်းဘုရားမှ ကျောက်တိုင်များခံကာ လုပ်ထား၍ ကျန်တစ်ဘက်၌ကား သစ်သားတိုင်ခံ၍ လုပ်ထားသည်။ တံခါး ပေါက်၊ ပြတင်းပေါက်တို့သည် ကျဉ်းမြောင်းခဲ့ပါသော်လည်း အဆောက် အဦးမှုကား အလွန်ခိုင်ခံ့သည်။

မြောက်ဘက်ပိုင်း၌ နှစ်ဆင့်တိုက် (၃)တိုက်ရှိ၍ ရှေ့၌ အလုပ်ခန်းနှင့် ဆင်၊ မြင်း၊ ကျွဲ၊ နွား တင်းကုတ်များ လုပ်ထားသည်။ တောင်ဘက်ပိုင်းတွင်၊ သုံးဆင့်တိုက် တစ်ဆောင်ရှိ၍ "ဗာရဒ္ဒါရီ" ဟုခေါ်သည်။ အထက် အဆိုပါတိုက်အနီး၌ နတ်ကွန်း (၄)ခုရှိ၍ တစ်ခုတွင် ဗုဒ္ဓဘာသာဘုရား ရုပ်ပွားများရှိသည်။ တစ်ခုတွင် သက္ကတ မြန်မာ ကျောက်စာရှိသည်။

မဟန့်၏တိုက်မှ အနောက်မျက်နှာ ကုန်းမြင့်ပေါ်၌ နှစ်ဆင့်တိုက် တစ်ဆောင်ရှိသည်။ အပြင်ပတ်လည်၌ ဟိန္ဒူ နတ်ကွန်း (၄)ဆောင်ရှိ သည်။ တစ်ဆောင်သည် "ဂျဂ္ဂနာထ"၊ အခြားတစ်ဆောင်သည် "ရာမ" နတ်ကွန်းဖြစ်သည်။ ခရစ် ၁၈၀၀ ခုလောက်က သေလွန်သော "ဂင်္ဂါ ဗာအီ" အမည်ရှိ အမျိုးသမီးတစ်ဦး တည်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ကျန် နတ်ကွန်းတို့မှာ "မဟာဒေဝ နတ်ကွန်း" များဖြစ်၏။

မဟန့်တိုက်၏ အနောက်တောင်ထောင့်၊ မဟာဗောဓိ စေတီတော် ကြီးမှ အရှေ့ဘက်၌ မဟန့်များသေလျှင်မြှုပ်သော သင်းချိုင်းကုန်းရှိ၍

အရိုးအိုး ၂၀၀ ခန့်ရှိသည်။ ထို သင်းချိုင်းကုန်း အရိုးအိုးများအကြားရှိ "မဟာဒေဝလိင်" တို့မှာ ရှေးဗုဒ္ဓ ဘာသာနှင့်ဆိုင်ရာ ကျောက်စေတီငယ်ကလေးများပင် ဖြစ်သည်။(Buddha, Gaya P. 4)

ဗုဒ္ဓဂယာရွာနှင့် မတ်ဆတီပူ–တာရာဒီရွာ (၂)ရွာမှာ မဟန့်ကြီး၏ အပိုင်ဖြစ်သည်။ ဤတိုက်တာကို ခရစ် ၁၇၀၀ ခု အစလောက်က တည်ဆောက်ခဲ့သည်ဟုဆို၏။ ပထမ တည်ဆောက်ခဲ့သူမှာ "ဃမန္ဒိနာသ" ဖြစ်၍ ထို့နောက် ဆက်ခံသူမဟန့်ကား "ကျိုက်တန်နျဂိရ်" ဖြစ်သည်။ ၎င်း၏ အရိုးများကို မဟာဗောဓိစေတီတော်ကြီးအနီး၊ မဟာရံတံတိုင်းအတွင်း၌ မြှုပ်နှံလျက်၊ ၎င်းအပေါ်က နတ်ကွန်းကလေး လုပ်ထားသည်။ ထို့နောက် ဆက်ခံသော နာမည်ကြီးမဟန့်ကား "မဟာဒေဝဂိရ်" ပင်ဖြစ်၍၊ မဟာဗောဓိ စေတီတော်ကြီးရှေ့ရှိ နတ်သမီးကို နှစ်ပေါင်းများစွာ ပူဇော်သူဖြစ်သည်။

ထို့နောက် ဆက်ခံသူမှာ "လာလ်–ဂိရ်" ဖြစ်၍ အလှူခံရုံးကို ၎င်းကပင် ဆောက်လုပ်ခဲ့သည်။ ထို့ပြင် မဟာဗောဓိ စေတီတော်ကြီးနှင့်တကွသော ဗုဒ္ဓဂယာရွာ တစ်ရွာလုံးကို "ဖါရ်မာန်" (Fir Man) ခေါ် ပိုင်ဆိုင်အုပ်ချုပ်ခွင့် အမိန့်ကို ပသီဘုရင်၏ အမတ်ကြီးထံမှ ရရှိသူဖြစ်သည်။ (အနီးအနား၌ ဗုဒ္ဓဘာသာ ရဟန်း၊ ရှင်၊ လူ မရှိသော အခိုက်အတန့်၌ အဝါဝတ်တစ်ဦးအား ပသီဘုရင်တစ်ပါးက စိုးပိုင်ခွင့်ပေးသနားခဲ့သည်မှာ အံ့သြစရာမဟုတ်)

မဟန့်လာလ်–ဂိရ် နောက်တွင် ၎င်း၏တပည့် "ကေဆဝဂိရ" ဖြစ်သည်။ ထို့နောက် "ရာဃဝ ဂိရ်" ဆက်ခံ၍ ရာဃဝဂိရ်၏နောက်

ဆက်ခံသော "ရာမ်ဟိတ–ဂိရ်" သည် မဟန့် အိမ်တော်ကြီးကို တိုးချဲ့၍ ဆောက်လုပ်လျက် တပည့်သုံးယောက် ထားခဲ့ပြီးလျှင် "ဗာရာဏသီ" မြို့၌ သေလွန်ခဲ့လေသည်။

ထို (၃)ဦးသော တပည့်တို့တွင် အလတ်ဖြစ်သော "ဗာလက်–ဂိရ်" သည်၊ (၁၄)နှစ် စံစားပြီးနောက်၊ ပျို့ရွယ်စဉ်ကပင် သေလွန်၍ ကျန်သောအငယ်ဆုံး "ဆိဝ–ဂိရ်" သည်ပင် မဟန့် ဖြစ်လာတော့၏။

ဆိဝ–ဂိရ်၏ တပည့်ကား "ဘိုက်ပတိ–ဂိရ်" ဖြစ်၍ ထို့နောက် ဆက်ခံအုပ်ချုပ်သူကား "ဟေမနာထ–ဂိရ်" (ဝါ)"ဟေမနာရာယဏ်–ဂိရ်" ဖြစ်၏။ ၎င်းသည် ခရစ် ၁၈၆၀ ခုနှစ်လောက်ကစ၍ စိမ်အုပ်ချုပ်နေသူ ဖြစ်သဖြင့်၊ ၎င်း လက်ထက်၌ပင် မင်းတုန်းမင်း၏ စေတမန်များနှင့် အင်္ဂလိပ် ကျောက်စာဝန်များ လာရောက်လျက်၊ မဟာဗောဓိစေတီတော် ကြီးနှင့်တကွ အဆောက်အဦးများစွာတို့ကို တူးဖော်ရှင်းလင်း ပြုပြင်ခြင်းကိစ္စများ ရွက်ဆောင်ခဲ့ကြလေသည်။

၎င်း မဟန့်တို့မှာ ပိုက်ဆံပေါသည့်အလျောက် ကောင်းမွန် သော အစာအဟာရတို့ကို စားသောက်ကာ၊ အေးချမ်းစွာနေသူများဖြစ်၍ ပညာသင်သူ နည်းပါးသည်။ စည်းစိမ်ကြီးသည်ထက် ကြီးအောင် "ဘင်း" ကိုတောင်မရှောင်ဘဲ၊ ကြိတ်သောက်ကြလေ့ရှိကြောင်းကိုလည်း သိရပေသည်။ (Buddha Gaya, P. 6)

ကေပေါင်း ၂၈၀၀ ကျယ်ဝန်းသော ရှာပိုင်မြေသာမက မဟန့်ပိုင် အခြားလယ်မြေများစွာပင် ရှိသေး၍ ထိုလယ်မြေတို့မှ အခွန်ငွေ အများ အပြားရရှိသည့်အပြင်၊ ဘုရားဖူးလာသူ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူတို့မှလည်း၊

ဘုရားအလှူငွေများ၊ နှစ်စဉ် နှစ်တိုင်းရရှိလေသောကြောင့် တစ်နှစ်လျှင် မဟန့်အတွက်ဝင်ငွေ အမြတ် (၈၀၀၀၀ိ/-) ကျော်သေးသည်။

ထို စာရင်းမှာ ခရစ် ၁၈၆၃-၇၇ ခုနှစ်အတွင်းက ကျောက်စာဝန် "ရာဂျင်ဒြာလာလ်မိတြ" မှတ်သားထားချက်မျှသာ ဖြစ်၏။ ယနေ့သော် လယ်မြေများစွာကို တိုးတက်ရရှိထားပြီးဖြစ်သဖြင့် ရှေးကထက် ဝင်ငွေဆယ်ဆမက ပိုမိုရရှိနေပြီ ဖြစ်သည်။

## ဗုဒ္ဓဂယာနေ မဟန့်များ

| | | | |
|---|---|---|---|
| ၁။ | ဃမန္ဒီ-ဂိရ် | (၁၅၉၀-၁၆၁၅) | ခရစ်နှစ် |
| ၂။ | ကျိုက်တံနျ-ဂိရ် | (၁၆၁၅-၁၆၄၂) | |
| ၃။ | မဟာဒေဝ-ဂိရ် | (၁၆၄၂-၁၆၈၂) | |
| ၄။ | လာလ်-ဂိရ် | (၁၆၈၂- ) | |
| ၅။ | ကေဆဝ-ဂိရ် | ( -၁၇၄၈) | |
| ၆။ | ရာဃဝ-ဂိရ် | (၁၇၄၈-၁၇၆၉) | |
| ၇။ | ရာမ်ဟိတ-ဂိရ် | (၁၇၆၉-၁၈၀၆) | |
| ၈။ | ဗာလက်-ဂိရ် | (၁၈၀၆-၁၈၂၀) | |
| ၉။ | ဆိဝ-ဂိရ် | (၁၈၂၀-၁၈၄၆) | |
| ၁၀။ | ဘိုက်ပတိ-ဂိရ် | (၁၈၄၆-၁၈၆၇) | |
| ၁၁။ | ဟေမ-နာရာယဏ်ဂိရ် | (၁၈၆၇-၁၈၉၁) | |
| ၁၂။ | ကြိသျှဏာ-ဒယာလ်ဂိရ် | (၁၈၉၁-၁၉၃၅) | |

တောင်ကလေးဓမ္မစာပေ

၂၅၂၀၇

၁၃။ ဟာရိဟာရ–ဂိရ် (၁၉၃၅– )

(မစ္စတာ ဂရိယာဆင်၏ မှတ်စုမှ)

၁၈၁၂ ခုနှစ်၌ မဟာဗောဓိသို့ ရောက်လာသော "ဒေါက်တာ ဗူချနန်–ဟေမိလ်တန်" ကို ထိုအချိန်ကရှိသော မဟန့် "ဗာလက်ဂိရ်" က ပြောပြ၍ မျတ်သားထားချက်မှာ လွန်ခဲ့သော နှစ်ပေါင်း (၁၂၀) လောက်က ၎င်း၏ဆရာ "ဂျိုက်တံန္နဂိရ်" ခေါ် ရောက်စဉ် မဟာဗောဓိ စေတီတော်ကြီးပတ်လည်တွင် ချုံနွယ်ပိတ်ပေါင်းများ ပေါက်လျက် အမြဲနေရဟန်းများကို မတွေ့ရကြောင်း၊ သို့သော် ရံဖန်ရံခါ နိုင်ငံခြားမှလာကြသော ဘုရားဖူးများကို တွေ့မြင်ရကြောင်း။

သူ၏လက်ထက် ၁၈၀၉ ခုနှစ်လောက်က ဆဒ္ဒန်ဆင်မင်းသခင် မြန်မာဘုရင်၏ ကိုယ်စားတော်များသည်၊ မဟာဗောဓိသို့ ဆိုက်ရောက်၍ ကျောက်စာရေးထိုးလှူဒါန်းထားကြောင်းကို ပြောပြသည်ဟုဆိုသည်။

မဟန့် ဗာလက်ဂိရ် လွန်ပြီးသည့်နောက် ရသေ့ "ဆိဝဂိရ်" (၁၈၂၀–၁၈၄၆) လက်ထက်၊ ဘကြီးတော်ဘုရား၏ ကိုယ်စားလှယ် တော်များသည် မြန်မာသက္ကရာဇ် ၁၁၈၃ ခုနှစ်၊ ခရစ် ၁၈၂၂ ခုနှစ်တွင် လာရောက်လျက် သိန်း၊ သန်း မကသော အဖိုးတန်သော ရွှေ၊ ငွေ၊ စိန်ကျောက်ဖြင့် လုပ်အပ်သော ပန်းကုံး ပန်းခိုင် ပဒေသာပင်များကို ကျောက်စာရေးထိုး လှူဒါန်းသည်။

ထို့နောက် မင်းတုန်းဘုရင်သည် "ဟေမနာရာယဏ ဂိရ်" လက်ထက်၊ မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ်၊ ခရစ် ၁၈၇၅ ခုနှစ်တွင် ကင်းဝန်မင်းကြီး အမှူးရှိသော ကိုယ်စားလှယ်တော်များကို စေလွှတ်

လှူဒါန်းသည့်ပြင် ကြေး၊ ငွေ အမြောက်အများ အကုန်ခံလျက် မဟာဗောဓိစေတီတော်နှင့်တကွ အရံအတား အဆောက်အဦးများကိုပါ ပြင်ဆင်စေတော်မူသည်။

ထိုစဉ်က မဟန့်အဖြစ် ထင်ရှားရှိနေသော **"ဟေမနာရာယဏဂိရိ"** သည် မြန်မာဘုရင်၏ နိုင်ငံခြားရေးမှူး "ကင်းဝန် မင်းကြီး" ၏ မဟာဗောဓိနှင့်ဆိုင်ရာ တောင်းဆိုချက် (၈)ချက်ကို သဘောတူခဲ့သည်။

## အချက် (၈) ချက်

(၁) ဗောဓိပင်ပတ်လည် ပျက်စီးယိုယွင်းနေသော မဟာရံ တံတိုင်းကို ပြုပြင်ရန်။

(၂) သိရိဓမ္မာသောကမင်းကြီး တည်ခဲ့သော မဟာဗောဓိ စေတီတော်ကြီးကို ပြုပြင်ရန်။

(၃) ခိုင်မာသော အဆောက်အဦတစ်ခုဖြင့် ဗောဓိပင်၏ လက်ယာကိုင်းကို ထောက်ခံထားရန်။

(၄) ဗောဓိပင် မဟာရံတံတိုင်းအတွင်းရှိ ရတနာသုံးပါးနှင့် သက်ဆိုင်သော အဆောက်အဦးဟူသမျှကို ပြုပြင်ရန်။

(၅) ဗောဓိပင် အနီး၌ ဘုရင်၏ကိုယ်စား ရဟန်းတော်အပါး ၂၀ခန့် သီတင်းသုံးနိုင်လောက်သော ကျောင်းတစ်ဆောင် ဆောက်ရန်။ (အဆိုပါ ရဟန်းတော်တို့သည် အမြဲသီတင်းသုံးကာ "စေတိယင်္ဂဏ" ဝတ်ကို ပြုကြပေလိမ့်မည်)

(၆) အဆိုပါကျောင်းကို တံတိုင်းဖြင့် ကာရံထားရန်။
(၇) ကျောင်းနှင့် သံဃာတော်များအား စောင့်ရှောက်ကူညီဖို့ရန် လူ အစောင့်တစ်ယောက် ငှါးထားရန်။
(၈) ဗောဓိပင်အား ဘုရင်မင်းမြတ်က လှူဒါန်းတော်မူသော အလှူ ဘဏ္ဍာတော်များကို သိပ်သိုထားဖို့ရန်အတွက် ပရိဘောဂ တိုက်တစ်ဆောင် ဆောက်လုပ်ရန်တို့ဖြစ်သည်။

## မဟာန့်၏ တောင်းဆိုချက်

မဟာန့် "ဟောမနာရာယဏဂိရိ" ၏ တောင်းဆိုချက်ကိုလည်း မြန်မာတို့က လိုက်လျောခဲ့သည်။ ၎င်းမှာ -

ဗောဓိပင်အောက်၌ ဟိန္ဒူယာဇ်ကျင်းနှင့် နတ်ရုပ်များ ထားရှိသဖြင့် ၎င်းအရာဝတ္ထုများကို မထိခိုက်(မပျက်စီး)စေပဲ မြန်မာဘုရင်သဘောကျသလို ပြုပြင်နိုင်ပါသည်ဟူသော အချက်ပင် ဖြစ်သည်။

## မြန်မာတို့ တည်ဆောက်ကြပြီ

မဟာန့်တို့၏ တောင်းဆိုချက်ကို သဘောတူသဖြင့် မြန်မာကိုယ်စားလှယ်တော်များသည် ခရစ် ၁၈၇၇ ခု၊ မေလအတွင်းကစ၍ မဟာဗောဓိ စေတီတော် မဟာရံတံတိုင်းအတွင်းမြေကို တူးဆွပြုပြင်ကြရာတွင် ရှေး အဆောက်အဦများကို သူ့နေရာနှင့်သူ ထားရှိပြုပြင်ခြင်း မဟုတ်ဘဲ၊ မိမိတို့ ထင်မြင်သလို ထွေထွေရာရာ မွမ်းမံချယ်လှယ်ကြ

သဖြင့် ၁၈၇၇ ခုနှစ်၊ စက်တင် ဘာလတွင် ကျောက်စာဝန် "ရာဂျင် ဒြလာလ်မိတြ"လာရောက် ကြည့်ရှုပြီး (၂၉-၁၂-၁၈၇၇) နေ့စွဲဖြင့် အထက်သို့ အစီရင်ခံစာတင်သွင်း လိုက်လေ၏။

ဤတွင် ဂယာအရေးပိုင် "ဒီ၊ ဒဗျုလူ၊ အမ်၊ တက်စတရို" က မြန်မာကိုယ်စားလှယ်တို့အား "နောင် အမိန့်မရမချင်း အလုပ်ကို ရပ်ဆိုင်းထားပါ" ဟု တားမြစ်လိုက်သည်။ ရက်စွဲမှာ (၂၅ ဧပြီ ၁၈၇၈) ဖြစ်သည်။ နောက် မကြာမီပင် ဒိစတြိတ် အင်ဂျင် နီယာ "စီ-အေ မိလ်(စ်)" သည် မဟာဗောဓိ စေတီတော်ကို ပြုပြင်နေသော မြန်မာတို့ကို ကြီးကြပ်ရန် ရောက်လာသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်မှာ ကျေးလက်မြို့ရွာအလုပ်များ များပြား လှသောကြောင့် ၎င်းကိုယ်တိုင် မဆောင်ရွက်နိုင်သည်နှင့် "မစ္စတာ ဂျေ-ဒီ-ဗက္ကလာ" (J.D. Beglar, C.E.) အား လွှဲအပ်လိုက်ရာ ၁၈၈၀ ခုနှစ်မှ အစပြု၍ ၁၈၈၄ ခုနှစ် မိုးတွင်းတိုင်အောင် မြန်မာ ကိုယ်စားလှယ်များနှင့်အတူ တည်လုပ်ခဲ့သည်။ ထို့ကြောင့် ပျက်ယိုးယွင်းနေသော မဟာဗောဓိ စေတီတော်ကြီးသည် ယနေ့ဖူးမြင်နေရသော အခြေသို့ ဆိုက်ရောက်ခဲ့ပေသည်။

သို့ငြားလည်း စေတီတော်ကြီးအဝင်ဝ၌ ကပ်ထားသော ဗြိတိသျှ အစိုးရ ကျောက်စာတွင် ယခုကဲ့သို့ ဖတ်ရသည်။

## ဗြိတိသျှအစိုးရ ကျောက်စာ
## (ခရစ်နှစ် ၁၈၈၀)

ဘင်္ဂါနယ် လက်ဖတင်နင်ဂေါ်ဝါနာ ဆာ–အရှလေ အီဒင်၏ အမိန့်အရ ဗြိတိသျှအစိုးရက သကျသီဟမင်းသား၊ ဘုရားအဖြစ်သို့ ရောက်တော်မူရာဌာနၶ တည်ရှိသော ဤရှေးဟောင်း မဟာဗောဓိ တန်ဆောင်းတော် (စေတီတော်)ကို ပြုပြင်သည်။

အစိုးရအား အကြံပေး ကျောက်စာဘက်ဆိုင်ရာ အင်ဂျင် နီယာ အလက်ဇင်ဒါ–ကမ်နင်ဂမ်။

ပုံစံပေးအရာရှိ ဂျိုးဆက်(ဗ) ဒေဗိဒ်(ချ်)ဗက်ကလာ။

အင်္ဂလိပ်စာဖြင့်လည်း –

This ancient temple of Mahabodhi erected on the spot where Prince Sakkya Sinha became Buddha was repaired by the British Government under the order of Sir Ashley Eden, Lieutenant Governor of Bengal.

**Anno Domini 1880.**

Archaeslogical Advertiser to Government Major-General Alexander Cunningham, Royal Engineer.

Architect-

Joseph Daviditch-Beglar,

Civil Engineer.

ဟု ရေးထိုးထားပါသည်။

## မဟာန့်၏ လှေကားထိပ်၌

ကောဇာသက္ကရာဇ် ၁၁၈၁ ခုနှစ်၊ သာသနာတော် ၂၃၆၃ ခုနှစ်တွင် ရတနာပူရစတုတ္ထနန်းတည် မင်းတရားကြီး (ဘကြီးတော်) ၏ အလှူ တော်၊ အတင်တော် ကျောက်စာမော်ကွန်းတို့ကို ၁၁၈၁ ခုနှစ်၊ အမရပူရ ရွှေမြို့တော်၌ ပြုပြင်စီရင်ပြီးနောက် တဖန် ၁၁၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်နေ့ "မဟာရာဇိန္ဒ အဂ္ဂမဟာရာဇာဂုရု" ဘွဲ့ တံဆိပ်တော်ရ ဆရာတော်ဘုရားနှင့်အတူ ဟံသာဝတီ အကောက်ဝန် မင်းသား အဆောင်တော်မြဲ ညီအစ်ကိုတစ်စုတို့အား ကိုယ်စားလှယ်တော် အဖြစ်ဖြင့် မဟာဗောဓိသို့ စေလွှတ်လှူဒါန်းစေလေရာ အဆိုပါ ကိုယ်စားလှယ်တော်များကလည်း မိမိတို့ကိုယ်တိုင် လာရောက်လှူဒါန်းခဲ့ရကြောင်းကို ကြားမြင်သူတို့ ဝမ်းမြောက်သာဓု အနုမောဒနာ ပြုနိုင်ကြစေရန် ရေးထိုးထားခဲ့သည်။ (ထိုကျောက်စာတိုင်မှာ ယနေ့မဟာန့်တို့၏ သုံးထပ်တိုက်၊ သုံးဆင့် လှေကားအတက်၊ လက်ယာဘက်အထက် လှေကားတိုင်ထိပ် ဆောက်လုပ်ထားသည်။)

## ကိုယ်စားလှယ်တော်တို့ ကျောက်စာမူ

၁၁၈၅ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့၊ မဟာဗောဓိပင် စေတီတော်တွင် အတိုင်းတိုင်းအပြည်ပြည် ထီးဆောင်းမင်းအပေါင်းတို့ သမီးကညာ ပဏ္ဏာလက်ဆောင်မပြတ် ဆက်သဦးညွှတ်ရသော ဘုန်းတော်

အလွန်ကြီးမြတ်တော်မူလှသော အမရပူရ ဆဒ္ဒါန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ လက်နက် စကြာသခင်၊ အသျှင် ဘဝရှင်မင်းတရားကြီးဘုရားက အလှူတော် ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်၊ ရွှေပဒေသာ၊ ငွေပဒေသာ၊ ရွှေမြူတာ၊ ငွေမြူတာ၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ပတ္တမြားပေါက်ပေါက် အထူးထူးသော အလှူတော် အတင်တော်များနှင့် ဘိသိက် တော်ဆက် "ရှစ်ပါးပုဏ္ဏား" သာသနာပိုင်ဆရာတော် "မဟာ ရာဇိန္ဒအဂ္ဂမဟာရာဇဂုရု" ကို စေခန့်တော်မူ၍၊ လာရာအတူ လိုက်ပါသူ "ဟံသာဝတီ အကောက်ဝန်၊ သီရိစန္ဒရတ်လကျာ၊ သားအဆောင်တော်မြဲ ရွှေတောင်နော်ရထာ၊ ကျော်ခေါင်သီရိ ကျော်စွာ" တို့ ညီအစ်ကိုက ကိုယ်စားတော် တံခွန်ကြီး ၂၊ ထီး၊ တံခွန်၊ ဆွမ်း၊ ဆီမီးတိုင်၊ ပန်း၊ ညောင်ရေတို့ကို လှူကပ်ပူဇော်ခဲ့သည်။

၁၁၈၅ ခု၊ ဝါခေါင်လဆန်း ၂ ရက်နေ့၊ ကွမ်းစွဲရပ်နေ၊ ရွှေမှူးရေးသည့် ကျောက်စာ။

## မဟာန့် နှင့် စမ္ဗပါလ

ကင်းဝန်မင်းကြီး၏ အချက် ၈–ချက်ကို အခွင့်ပေးသော "ဟောမနာ ရာယဏ်ဂိရ်"မဟာန့်သည်၊ ခရာဇ် ၁၈၉၁ ခုနှစ်တွင်သေသည်။ ၎င်း၏ တပည့် "ကြိသျှဏာဒယာလ်ဂိရ်"သည်၊ မဟာန့် ဆရာတော်အဖြစ်ဖြင့် ဆက်ခံအုပ်စိုးသည်။

မင်းတုန်းဘုရင် လက်ထက်တော်ကပင် ဆက်လက် နေထိုင်လျက် "စေတိယင်္ဂဏဝတ်" ကို ပြုနေကြသော မြန်မာ ရဟန်းတော်တို့သည် ၁၈၈၅–ခုနှစ် သီပေါမင်းပါတော်မူ၍ မိမိရပ်ဌာန် ပြန်လည်ကြွသွားကြလေသည်။ ထိုအခါ ဓမ္မပါလ၏ တိုက်တွန်းနှိုးဆော်ချက်အရ သီပေါမင်း၏ ကျောင်း၌ပင် ဆက်လက် သီတင်းသုံးလာသည်မှာ ၁၈၉၃–ခုနှစ်အထိ ဖြစ်ပေသည်။

ထိုစဉ်အခါ ကာလကတ္တား၌ ဓမ္မပါလသည် "မဟာဗောဓိ အသင်း" ကို တည်ထောင်လျက်၊ "မဟာဗောဓိဂျာနယ်" တစ် စောင်ကို အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေနေသည်။ အဆိုပါ ဂျာနယ်၌ မဟာဗောဓိဌာနသည် ဗုဒ္ဓဘာသာဝင်တို့နှင့် သက်ဆိုင်ကြောင်း ရေးသား ထုတ်ဖော် တင်ပြလိုက်သည်။

ဤဖော်ပြချက်ကြောင့် "မဟန့်ကြီး" "ကြိသျှဏဒယာလ် ဂိရိ" ၏ စိတ်၌ အမျိုးမျိုးသော သံသယ၊ မောဟ၊ မာနတရား တွေဖြစ်ပေါ်လာ သည့်အတိုင်း ၁၈၉၃–ခုနှစ်၊ ဇန်နဝါရီလအတွင်း ညဉ့်အချိန်၌ သီပေါမင်း ၏ကျောင်းရှိ၊ သီဟိုဠ်ဘုန်းကြီး ၂ ပါးကို မဟန့်၏ တပည့်များက ဝါးရင်းတုတ်နှင့် ဝင်ရောက်ရိုက်နှက် ကြသည်။ သုမင်္ဂလ မည်သော ရဟန်းတော်မှာ ကိုယ်၊ ဦးခေါင်း တို့၌ အချက်ပေါင်းများစွာ ဒဏ်ရာရရှိ သောကြောင့် ဂယာမြို့ဆေးရုံသို့ တင်ပို့ကုသရကြောင်းကို ဓမ္မပါလက ၁၈၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်ထုတ် "အိန္ဒိယန် ပရက်စ်" သတင်းစာနှင့် မဟာဗောဓိဂျာနယ်တို့၌ ဖော်ပြလိုက်သည်။ သက်ဆိုင်ရာ အာဏာပိုင်ထံသို့လည်း လျှောက်လွှာနှင့် လျှောက်ထားတိုင်တန်း

ခဲ့သည်။ သို့သော် မဟာန့်၏တန်ခိုးကြောင့် လက်သယ်မပေါ်ဘဲ အလိုလို ပပျောက်သွားခဲ့သည်။

## ဂျပန်ဘုရားနှင့် မဟာန့်

၁၈၉၃–ခုနှစ်၊ နိုဝင်ဘာလအတွင်း ဓမ္မပါလသည် ဂျပန်ပြည် ရောက်နေစဉ် တိုကျိုမြို့ "တင်တိုကူဂျီ" ကျောင်းထိုင်ဘုန်းကြီး "အက်စ်အဆာဟီ" က ယိုကိုယဟာမာမြို့အနီး "ကနဂဝါ" ကျောင်း၌ နှစ်ပေါင်း ၇၀၀ ခန့်ကြာမြင့်စွာ တင့်တယ်စမ့်ယ်လျက် ရှိသော စန္ဒကူး နံ့သာနှစ်ကို ထုလုပ်ထားသည့် ဉာဏ်တော်နှစ်ပေ ခန့်ရှိ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို မဟာဗောဓိ စေတီတော်ကြီးအတွင်း အထက်ဆင့်၌ တင်ထား ပူဇော်ရန် ပေးအပ်လိုက်သည်။ အဆိုပါ ရုပ်ပွားတော်ကို ပင့်ဆောင်ကာ ဓမ္မပါလသည် ကာလကတ္တားမြို့သို့ ၁၈၉၄–ခု၊ မတ်လ ၃၁ ရက်နေ့ ဆိုက်ရောက်လာသည်။

ကဆုန်လပြည့်နေ့တွင် တင်ထားပူဇော်လိုသော အာသီသဖြင့် ဂယာမြို့သို့ ၁၈၉၄–ခု၊ မေလ ၁၇ ရက်နေ့အရောက် ပင့်ဆောင်လာခဲ့ရာ မဟာန့်နှင့် ၎င်း၏တပည့်များ၏ တားဆီးနှောင့်ယှက်ခြင်းကြောင့် မဟာဗောဓိ စေတီတော်ကြီးအရောက် မပင့်ဆောင်နိုင်တော့ဘဲ ဂယာမြို့ တွင်း၌ပင် အိမ်ငှားကာ စောင့်ရှောက်ထားရသည်။

ဤ ဘုရားပင့်ပွဲ၌ ပါဝင်ဆောင်ရွက်ရန် ကြွရောက်လာ ကြသော ဂျပန်ဂိုဏ်းအုပ် ဘုန်းတော်ကြီးတစ်ပါးနှင့် သီဟိုဠ် (သီရိလင်္ကာ) မှ

ဘုရားဖူးအချို့ကို ၁၈၉၄-ခု၊ မေလ ၁၉ ရက် ကဆုန်လပြည့်နေ့၊ ဂယာအရေးပိုင် မက်ဖာဆင် (D.J. Macpherson) ၏ အမိန့်အရ ပုလိပ်စစ်သားများ၏ အစောင့်အရှောက်ဖြင့် မဟာဗောဓိ စေတီတော်ကြီး အတွင်း၌ ဝတ်ပြုပူဇော်ခြင်းပြုစေသည်။ "ကြိသျှဏဒယာလ်-ဂိရ်" မဟန့်အားလည်း ပုဒ်မ ၁၄၄ အရ အမိန့်ထုတ်ဆင့်လိုက်သည်။

၁၈၉၅ ခု၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ နံနက်တွင် ဓမ္မပါလသည် ဂျပန်ဘုရား ဆင်းတုတော်ကို ပင့်ဆောင်လျက် သီဟိုဠ်ကျွန်းသား အဖော်နှစ်ယောက်နှင့်အတူ မဟာဗောဓိစေတီတော် ဒုတိယအထပ်၌ တင်ထားပူဇော်ရန်သွားကြရာ မဟန့်၏တပည့် ဂျိုက်ပါလ်ဂိရ်၊ မဟိန္ဒြဂိရ်၊ ဆိဝနန္ဒန်ဂိရ်နှင့် 'မဟန့်'၏ ရှေ့နေ ပသီလူမျိုး "ဟူဆင်ဘက္ခ်စ်" အပြင် နောက်လိုက်နောက်ပါ လူပေါင်း ၄၀ ခန့်သည် စေတီတော်အတွင်း ရောက်နေသော ဓမ္မပါလထံမှ မဟန့်ရသေ့များက ဘုရားဆင်းတုကို လုယူသည်။ ပသီရှေ့နေက ဓမ္မပါလကို လက်သီးဖြင့်ထိုးသည်။ ဖယောင်းတိုင် စသော လှူဘွယ်ဝတ္ထုတို့ကိုလည်း ကြဲဖြန့်လွှင့်ပစ်ကြသည်။ အဖော်အပေါင်း အကူအညီမရှိ၊ ပကတိအားနည်းလှသော ဓမ္မပါလအား ဆဲဆိုကြိမ်းမောင်းကြပြီးနောက် ဂျပန်ဘုရား စန္ဒကူး ဆင်းတုတော်ကို မဟန့်၏ "ပဥ္စပဏ္ဍု" ခေါ် နတ်ကွန်းရှေ့ ဝရံတာ၌ ပစ်ချထားလိုက်ကြ၏။

အခင်းဖြစ်ပွားစဉ် ဂယာဂါတ်မှ ပုလိပ်အမှုထမ်းများလာရောက်ကာ ဓမ္မပါလအား သီပေါမင်းကျောင်းထဲသို့ လိုက်ပို့ကြသည်။ ထိုအကြောင်းကို ဂယာအရေးပိုင် ကြားသဖြင့် ကိုယ်တိုင်လာရောက်ကာ ဓမ္မပါလကို စောင့်ရှောက်ရန် ခေါ်ဆောင်သွားရသည်။

# တရားသူကြီး စီရင်ချက်

အဆိုပါ ပြုမူချက်နှင့် စပ်လျဉ်း၍ မေ့ပါလက ၁၈၉၅ ခု၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့၊ ဂယာ ဒိစတြိတ်တရားသူကြီးရုံး၌ လျှောက်လွှာတင်သွင်းရာ ထိုအမှုကို ၄ လကျော် စစ်ဆေးပြီးနောက် ၁၈၉၅ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဂယာ ဒိစတြိတ်တရားသူကြီး (D.J. Macpherson) က၊ 'မဟန့်' ၏ တပည့် တရားခံ 'ဂျိုက်ပါလ်ဂိရ်၊ မဟိန္ဒြဂိရ်နှင့် ဘိမယ်ဒေဝဂိရ်' တို့အား၊ အိန္ဒိယ ရာဇသတ် ပုဒ်မ (၂၉၆) အရ၊ ဘာသာရေးအားလျော်စွာ တရားသဖြင့် ပူဇော်ရာ၌ နှောင့်ယှက်ပိတ်ပင်မှုဖြင့် ထောင်ဒဏ်တစ်လ၊ ဒဏ်ငွေ ၁၀၀ိ စီ၊ အသီးသီးကျခံစေ၊ ဒဏ်ငွေမဆောင်နိုင်က နောက်ထပ် ထောင်ဒဏ် ၁၅ရက် ကျခံစေဟု စီရင်ချက်ချမှတ်လိုက်၏။

စီရင်ချက်ကို 'မဟန့်' က မကျေနပ်သဖြင့် ၁၈၉၅ ခု၊ ဇူလိုင်လ ၃၀ ရက်နေ့၊ စက်ရှင်ရုံး၌ အယူခံဝင်ရာ စက်ရှင်မင်းကြီးက ထောင်ဒဏ်ကို လျှော့၍ ငွေဒဏ်ကို အတည်ပြုလိုက်သည်။ 'မဟန့်' က မကျေနပ်ပြန်သဖြင့် ကာလကတ္တားဟိုက်ကုတ်ရုံးတော်သို့ ရောက်သောအခါ၌ကား၊ ထောင်ဒဏ် ငွေဒဏ် နှစ်မျိုးစလုံးကို ပယ်၍၊ တရားသေလွှတ်ပစ်လေတော့၏။

ဟိုက်ကုတ် တရားသူကြီး "မက္ကဖာဆင်" နှင့် "ဂုရဒါးခင်ဗနာဂျီ" တို့၏ ရှည်လျားသော စီရင်ချက်၌...

၁။ မဟာဗောဓိစေတီတော်သည် ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ အဆောက်အဦကား မှန်၏။

၂။ မဟန့်က နှစ်ပေါင်း တစ်ရာကျော်ကပင် ပိုင်ဆိုင်လာခဲ့၍ ဘုရားဖူးလာသူ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာဝင်တို့၏ အလှူဘဏ္ဍာများကို သိမ်းယူသူလည်း မှန်၏။

၃။ 'မဟန့်'သည်၊ ဗုဒ္ဓဘာသာဝင် ဘုရားဖူးတို့အား မတရားသဖြင့် နှောက်ယှက်တားဆီးသည် ဟူသော သတင်းစကားရှေးအခါက မကြားရသဖြင့် လွတ်စေ။

ဟူသော ကောက်နုတ်ချက် ၃ ချက်သာ တွေ့ရှိရ၏။ ဤ မဟာဗောဓိစေတီတော်သည် ဗုဒ္ဓဘာသာ စေတီတော် စစ်စစ်ဖြစ်ပါသည်ဟု ဆိုပါလျက် ဗုဒ္ဓဘာသာဝင်မဟုတ်သူ ဟိန္ဒူတစ်ဦးကို ပိုင်ဆိုင်သည် ဟူသော စကားသည် တရားနည်းလမ်းလည်း မကျ၊ ယုတ္တိ လည်း မရှိ။

## မေးမြန်းကြပေလိမ့်မည်

(၁) မဟာဗောဓိစေတီတော်ကြီးသည် ဗုဒ္ဓဘာသာ အဆောက်အဦး စစ်စစ်ဖြစ်ပါလျက်၊ ဗုဒ္ဓဘာသာ မဟုတ်သူတစ်ဦးက ဘာကြောင့် သိမ်းယူထားနိုင်ပါသလဲ။

(၂) သိမ်းယူထားခြင်းသည် တရားနည်းလမ်းမကျပါက ထို အဆောက်အဦးနှင့် ဆိုင်ရာ အလှူဘဏ္ဍာများကို သိမ်းဆည်း

ယူငင်နိုင်သော အခွင့်အလမ်း မဟာန့်မှာ လုံးဝမရှိနိုင်။

(၃)ဘာသာခြားတစ်ဦးသည် မိမိနှင့် ဘာသာမတူသော အခြား ဘာသာဝင် ဘုရားဖူးတို့အား တစ်စုံတစ်ခုသော အကြောင်း ကြောင့် မနှောင့်ယှက်စေကာမူ အခြား ဘာသာဝင်တို့၏ (ဘာသာရေး) အဆောက်အဦးကို အပိုင်ခံနိုင်ခွင့် (မည်သည့် အစိုးရ၏ ဥပဒေမှာမှ) မရှိ။

(၄)ထို့ပြင် မဟာန့် (သို့မဟုတ်) မဟာန့်၏ တပည့်များသည် ရှေးအခါက ဘုရားဖူးတို့အား မနှောင့်ယှက်ဘူးသော်လည်း ယခုအမှု၌ ဓမ္မပါလအား အကြမ်းဖက်၍ နှောင့်ယှက်သည် မှာ ထင်ရှားနေပါလျက် မည်သည့်အတွက်ကြောင့် လွှတ်ပစ် နိုင်ပါသလဲ။

ဤမေးခွန်းများ မေးစရာဖြစ်လာသည်။ (မဟာဗောဓိပွတ္တိ ကထာမှ)

## ၁၉၂၂ ခုနှစ်၊ အသျှင်အာဒိစ္စဝံသ မှတ်စု

ဗုဒ္ဓဂယာမဟာန့် ခေါ် ဟိန္ဒူကြီးများ၏အိမ်ရှိ (သို့မဟုတ်) ၎င်းရသေ့ကြီးများ ပြုလုပ်အသုံးချသည့် ရုပ်ပွားတော်များစာရင်း။

ဗုဒ္ဓဘာသာဝင်သူတို့၏စိတ်ကို တုန်လှုပ်ချောက်ခြား များစွာ ဆင်းရဲစေနိုင်လောက်သည့် မဟာဗောဓိ စေတီတော်မှယူငင်၍ မိမိနေရာ အဆောက်အဦးများ၌ မြဲမြံခိုင်ခန့်သော အုတ် အဖြစ်ဖြင့် အသုံးပြုရန်

လည်းကောင်း၊ ဗုဒ္ဓဘာသာ အယူဝါဒကို နှိမ့်ချချိုးဖဲ့ ဖျက်ဆီးရန်လည်း ကောင်း၊ ရည်သန်ဟန်လက္ခဏာရှိသော မဟန့် ခေါ် ဟိန္ဒူသည် မိမိအိမ် ထိုထိုဤဤ အသင့်လျော်သောဌာနတို့၌ ဗုဒ္ဓဘုရား ရုပ်ပွားတော် အစားစား အကြီးဆုံး ၃–ပေခန့်မှစ၍၊ အငယ်ဆုံး ၁–လက္ခခန့်ရှိ အများ အပြား ထည့်သွင်းကပ်စိုက်ထားသည်ကို ကြည့်ရှုတွေ့မြင်နိုင်သမျှ ရေးမှတ်ထားချက်။

၁။

(က) မင်းတုန်းမင်းတရား ကျောက်စာတည်ရှိရာ တောင်ဘက်ဝင်းခြံ အနောက်တောင်ထောင့် အိမ်ငယ်အရှေ့ဘက်အဝင်ဝ၌ ရုပ်ပွား တော်–၁။

(ခ) ၎င်းတဲအိမ်ကြီးကြမ်းပြင် အနောက်ဘက်ဘေး၌ ရုပ်ပွားတော်– ၁။

(ဂ) မဟန့်၏အိမ်အရှေ့ တံခါးကြီးအတွင်း မြောက် ဘက်ကပ်လျက် ရှိသော နွားတဲ၏အရှေ့ဘက်စွန်း တောင်ဘက် နံရံ၌ ရုပ်ပွား တော် – ၃။

(ဃ) ၎င်းအိမ်၏ အရှေ့တံခါးကြီးအပြင်အထွက်ဝ၊ တောင်ဘက်ရှိ မုခ်ိဏ် ၂ ခုတွင် မြောက်ဘက်လိုဏ်၌ ရုပ်ပွားတော် – ၃ ဆူ။

(င) ၎င်းလိုဏ်ဝ အထွက်၌ ရုပ်ပွားတော် – ၁။

(စ) ၎င်းတံခါးကြီး အပြင်ဝမြောက်ဘက် 'ကာလီရုပ်' ရှိ လိုဏ်ဝ တွင်းတွင် ကာလီရုပ်၏ ဝဲ–ယာ တစ်ဖက်စီ၌ ရုပ်ပွားတော်– ၂။

(ဆ) ၎င်း အရှေ့တံခါးကြီးမှ တောင်ဘက် ပေသုံးရာခန့်ရှိ ညှော်သည်
တဲ (ဓမ္မသာလာ)အတွင်း၌ ရုပ်ပွားတော် – ၆။
ရုပ်ပွားတော်ပေါင်း – ၁၇။
၁၂၈၄ ခု၊ တပေါင်းလဆန်း ၇ – ရက်။

၂။

(ဇ) မဟန့်၏ အိမ်ဝင်းအတွင်းတွင်ရှိသော မဟာဒေဝ နတ်ကွန်း၏
တောင်ဘက်အဝင်ဝ အရှေ့တောင်စွန်း၌ ရုပ်တော်မူဟန် ရုပ်ပွား
တော်ကြီး – ၁။

(ဈ) ၎င်းနတ်ကွန်း၏အတွင်းတွင် အလွတ်ချထားသော ရုပ်ပွားတော်
ကြီးငယ် – ၁၁။

(ည) ၎င်းနတ်ကွန်း၏ အနောက်ဘက်ရှိ "ကပ်စရားပင်" (ပင်စိမ်း)
ပင်စိုက်ရာ အုတ်ခုံပေါ်၌ ကျောက်စေတီငယ် – ၁၊ ရုပ်ပွားတော်–
၄။

(ဋ) မင်းတုန်းမင်းတရားကြီး ကျောက်စာဂူအရှေ့ဘက်အနီး အဝင်ဝ
၌လည်း အလားတူကျောက်စေတီငယ် – ၁၊ ရုပ်ပွားတော်–၄။

(ဌ) ၎င်းနတ်ကွန်း မြောက်ဘက်၊ ပန်းဥယျာဉ်အဝင်ဝ အရှေ့နံရံ၌
ရုပ်ပွားတော် – ၁။

(ဍ) ၎င်းဥယျာဉ်အတွင်း တောင်ဘက်ရှိ အိမ်ရှေ့လှေခါး အတက်ဝ
၏ မြောက်ဘက်စွန်းတွင် ကျောက်စေတီငယ် – ၄။

(ဎ) မဟာန့်ခေါ် ဟိန္ဒူ၏ အိမ်အတွင်းအဝင်ပေါက် အရှေ့နံရံအစွန်း တွင် ရုပ်တော်မူရုပ်ပွားတော်ကြီး – ၁။

(ဏ) ၎င်း၏ အနောက်ဘက်၌ကပ်လျက် ရုပ်ပွားတော် – ၁။

(တ) မဟာန့်ခေါ် ဟိန္ဒူကြီး၏နေအိမ် ကြံချက်ရုံအဝင်တံခါးဝ အပြင် မြောက်ဘက်၌ ရုပ်ပွားတော် – ၁။ တောင်ဘက်၌ ရုပ်ပွား တော် – ၂။

(ထ) ၎င်းအိမ်အတွင်း အဝင်ဝအကွေ့ တောင်ဘက်နံရံတွင် ရုပ်ပွား တော် – ၅။

(ဒ) ၎င်းနေအိမ်အောက်ထပ် မဟာန့်ခေါ် ဟိန္ဒူတို့တက်သော လှေခါး၏ အရှေ့နံရံတွင် ရုပ်ပွားတော်– ၂။

(ဓ) ၎င်းအိမ်အရှေ့ အဝင်ဝ၌ အရပ်ရပ် အခြားရုပ်ပွားတော်ပေါင်း– ၂၇။

(န) မဟာဗောဓိ စေတီတော်အရှေ့ မဟာဒေဝနတ်ကွန်း (သို့မဟုတ်) မဟာန့်ခေါ် ဟိန္ဒူ၏ သင်္ချိုင်းအတွင်း၌ အရပ်ရပ်ရုပ်ပွားတော် – ၂၀ ခန့်။

(ပ) မဟာန့်ခေါ် ဟိန္ဒူ၏နေအိမ်တံတိုင်း အရှေ့တောင်စွန်း သူရဲရဲခို လိုဏ်အောက်ခြေ၊ အရှေ့ဘက်စွန်း အပြင်ဘက်တွင် မှောက်လျက်ရှိသော ရုပ်ပွားတော်ကြီး – ၁။

ပေါင်းရုပ်ပွားတော် – ၈၅။

၁၂၈၄ ခု၊ တပေါင်းလဆန်း ၈–ရက်။

တစ်လက်မခန့်ရှိ ရုပ်ပွားတော် ၅–ဆူ မှ ၅၆–ဆူအထိ ရုပ်ပွားပုံငယ်များ။

(ဖ) ဘကြီးတော်ဘုရားနှင့် မင်းတုန်းမင်းတရားကြီး ကျောက်စာဂူ ၂–ခုရှေ့ရှိ ရေတွင်း၏မြောက်ဘက်ဝင်း အဝင်ဝတွင် ၅–ဆူတွဲပုံ – ၁။

(ဗ) ၎င်း ၆ – ဆူတွဲပုံ – ၁။

(ဘ) အရှေ့ဘက်တံခါးမကြီး၏ တောင်ဘက်လိုဏ် ၂ –ခုတွင် မြောက်ဘက်ရုပ်ပွားတော် ၃ – ဆူရှိ၊ လိုဏ်တောင်ဘက်နံရံ၌ ၅ – ဆူတွဲ ရုပ်ပွားတော် – ၁။

(မ) ၎င်းတံခါးမကြီးမြောက်ဘက် ကာလီလိုဏ်တွင် တောင်ဘက်နံရံ၌ ၇ – ဆူတွဲ ရုပ်ပွား – ၁။

(ယ) အရှေ့မြောက်ဘက် အဆင်းလှေခါးထစ်ဆံများ၌ ရုပ်ပွားတော်တွဲပေါင်း – ၄။

(ရ) မဟန့်ခေါ် ဟိန္ဒူ၏အိမ်မှ အရှေ့မြောက်ဘက် ဥယျာဉ်အပြင်တံတိုင်း တောင်စွန်းမှ ပေ ၂၀–ခန်း အလယ်လောက်တွင် ရုပ်ပွားတော် ၃၀ တွဲပုံ – ၁။

(လ) ၎င်းမှမြောက်၊ ပေ ၁၅၀ ခန့်အကွာ၊ မြောက်ဘက်တံတိုင်း အခြေ၌ ၅၆ – ဆူရှိ ရုပ်ပွားတော်တွဲ – ၁။

(ဝ) အရှေ့မုခ်တံခါးကြီးမှ တောင်ဘက် ပေ ၃၀၀ ခန့်အရပ်၌ တံတိုင်းအပြင်ဘက်ရှိ ညှော့သည်တဲ (ဓမ္မသာလာ)အတွင်းတွင် ၈၀–ခန့်ရှိ ရုပ်ပွားတွဲပုံ ၈၀ ပုံ – ၃။ ၃၀ တွဲ ၆ – တွဲ။

(သ) မင်းတုန်းမင်းတရား ကျောက်စာဂူလမ်းဖြစ်သော တောင်တံခါးဝ ကြီးအတွင်း၌ ၇ – ဆူတွဲ ရုပ်ပွားတော် – ၂။

(ဟ) အပြင်တံတိုင်းကြီး၏ အနောက်တောင်ထောင့် 'သူရဲရို၊ ပြဒိုး' မှခ်အိမ်အောက်ခြေမြေနား အပြင်ဘက်၌ ၆၀–၇၀ ခန့်ရှိ ရုပ်ပွား တော် အတွဲ – ၂၀။

ပေါင်းရုပ်ပွားတော်အတွဲ ၃၈ – တွဲ။

၁၂၈၄ ခု၊ တပေါင်းလဆန်း ၉ – ရက်။

(ဠ) မဟန့်ခေါ် ဟိန္ဒူရသေ့၏အိမ်တွင်း မဟာဒေဝနတ်ကွန်း မြောက် ဉယျာဉ်တွင် အိမ်အရှေ့လှေခါးတက် တောင်ဘက်ထိပ်ဝတွင် စေတီပုံ – ၁၊ ဆင်းတုဆူရေ – ၁၆၄။

(အ) မဟာဗောဓိ စေတီတော်ကြီးအရှေ့ မဟာဒေဝနတ်ကွန်းတွင် (သို့မဟုတ်) မဟန့်ခေါ် ဟိန္ဒူများ၏ သင်းချိုင်းတွင် ၂၀ မှ ၈၀ ခန့်ရှိ ကျောက်ချပ်ပေါင်း ပျမ်းမျှ ၅၀ ခန့်၊ ဆူရေ (၁၀၁၅၀) ၂၀ – ခုကျော်။

အချုပ်ရုပ်ပွားတော် ၁၂၀၁၄ – ဆူ။

၁၂၈၄ ခု၊ တပေါင်းလဆန်း ၉ – ရက်။

(အရှင်အာဒိစ္စဝံသ မှတ်စုမှ)

# ဗုဒ္ဓဂယာ ဥပဒေကြမ်း

၁၉၃၅–ခုနှစ်၌ မြန်မာပြည်သူတို့၏ကိုယ်စား အိန္ဒိယပြည်၊ နယူးဒေလီရှိ ဝင်ဆာနန်းတော်သို့ရောက်နေသော ဦးသိမ်းမောင်၊ ဦးဘစိန်နှင့် ဒေါက်တာသိမ်းမောင်တို့က ကာလကတ္တားမြို့ မဟာဗောဓိအသင်း၊ စက္ကရီတေရီထံ ပေးပို့သောစာနှင့် အိန္ဒိယပြည် အောက်လွှတ်တော်တွင် တင်သွင်းမည့် 'ဗုဒ္ဓဂယာဥပဒေကြမ်း' မြန်မာပြန်။

၃–ဝင်ဆာနန်းတော်၊
ဒေလီမြို့သစ်၊
ဖေဖော်ဝါရီလ ၂၈ ရက်၊ ၁၉၃၅။

အကြည်တော်ခင်ဗျား၊

ကျွန်ုပ်တို့သည် ဘုရင်ခံချုပ်အမိန့်အရ တင်သွင်းခွင့်ရပြီးဖြစ်သော "ဗုဒ္ဓဂယာ တန်ဆောင်းတော် ဥပဒေကြမ်းကို ယခုစာနှင့်တစ်ပါတည်း ပူးတွဲ ပေးပို့လိုက်ပါသည်"။

ထိုအရေးကိစ္စကို ဆွေးနွေးရန်အချိန်တိုင် ရောက်ခဲ့သော် သင်၏ အကူအညီကို ရရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

ထို ဥပဒေကြမ်းကို မတင်သွင်းမီ ဤကိစ္စနှင့်ပတ်သက်၍ အကြောင်းအရာ အစုံအလင်တို့ကို နောက်ထပ်တဖန်ရေးသားအကြောင်းကြားပါဦးမည်။

အောက်လွှတ်တော်တွင် တင်သွင်းရန် ဥပဒေကြမ်းတစ်ရပ်မှာ ဗုဒ္ဓဘာသာ ဘုရားတန်ဆောင်းတော်နှင့်တကွ အဆောက်အဦးများကို ကြည့်ရှု စောင့်ရှောက်သိမ်းဆည်းရန်နှင့် ကောင်းစွာစီမံခန့်ခွဲနိုင်ရန် အခွင့်အရေးများကိုပါ ဗုဒ္ဓဘာသာတို့အား ပေးအပ်ရန်ဖြစ်ကြောင်း။

ထိုကဲ့သို့ ဗုဒ္ဓဘာသာများအား ဗုဒ္ဓဂယာ တန်ဆောင်းတော်နှင့် အဆောက်အဦးများကို ကြည့်ရှုစောင့်ရှောက်ရန်နှင့် စီမံခန့်ခွဲနိုင်ဘို့ အခွင့်အရေးပေးအပ်ရန် အလျှင်လိုသောကြောင့် အောက်ပါအတိုင်း ဥပဒေကြမ်းကို ရေးသားခြင်းပြုပါသည်။

(၁)

**အမည်ကို ထိုဥပဒေ၏အဝှမ်း နှင့် ထိုဥပဒေကိုစ၍ အသုံးပြုမည့်အချိန်။**

(၁) ဤ ဥပဒေကြမ်းကို ၁၉၃၅ ခု၊ ဗုဒ္ဓဂယာ တန်ဆောင်းတော် ဥပဒေကြမ်းဟု ခေါ်တွင်ပေလိမ့်မည်။

(၂) ထို ဥပဒေကြမ်းသည် ဗြိတိသျှ–အိန္ဒိယ တစ်ပြည်လုံးနှင့် သက်ဆိုင်ပေလိမ့်မည်။

(၃) ထို ဥပဒေကြမ်းကို အမြန်ချက်ခြင်း အတည်ပြုသည်နှင့် တစ်ပြိုင်နက် အသုံးပြုပေလိမ့်မည်။

(၂)

**အခေါ်အဝေါ်**

ဤ ဥပဒေကြမ်းတွင် စာသား၌လည်း

ကောင်း၊ အကြောင်းအရာပေါ်သွဲ့လည်း ကောင်း၊ တစ်စုံတစ်ရာ စက်ဆုတ်ရွံရှာဘွယ် ဖြစ်သော အသုံးအနှုန်းများ မပါရှိခဲ့သော်၊

(က) 'တန်ဆောင်းတော်' ဆိုသည်မှာ ဂယာ ဒိစတြိတ်၊ ဗုဒ္ဓဂယာရွာအနီးရှိ မဟာဗောဓိပင် နံဘေးနားတွင် ဆောက်လုပ်တည် ရှိအပ်သော ဘုရား၊ တန်ဆောင်းတော်ကြီး ဖြစ်သည်။

(ခ) "ဘုရားတန်ဆောင်း မြေ" ဆိုသည်မှာ၊ မဟာဗောဓိပင် တန်ဆောင်းနှင့်တကွ အာရာမ်များတည်ရှိရာမြေဖြစ်သည်။

(ဂ) "မဟန့်" ဆိုသည်မှာ ဗုဒ္ဓဂယာရှိ 'သိဝ' ဂိုဏ်းဝင် ဟိန္ဒူကျောင်းမှ ကျောင်းထိုင် "ဟိန္ဒူ" ဖြစ်သည်။

(ဃ) "အမှုဆောင်" ဆိုသည်မှာ ဤ အက်ဥပဒေအရ ရွေးကောက်ခန့်ထားခြင်း ခံရသော အုပ်ချုပ်ရေး အမှုဆောင် အဖွဲ့ဝင် ဖြစ်သည်။

(၃)

အုပ်ချုပ်မှုနှင့် အာဏာပိုင်။

ဤ အက်ဥပဒေ အတည်ပြုပြီးသည်နှင့် တစ်ပြိုင်နက် အိန္ဒိယအစိုးရသည် ချက်ချင်း၊ အမြန် အောက်တွင်ဖော်ပြပါရှိသည့်အတိုင်း ဘုရားမြေ၊ တန်ဆောင်းတော်နှင့် ဘုရားဖူးတို့အား စီမံခန့်ခွဲရန် ထိုပြင် အခွင့်အာဏာလွှဲအပ်ရန်အမှုဆောင်အဖွဲ့ကို ဆောလျင်စွာခန့်အပ်ရပေမည်။

(၄)

အမှုဆောင် ဖွဲ့စည်းရေး။

(၁) အမှုဆောင်အဖွဲ့၌ ဟိန္ဒူရသေ့ကြီး 'မဟန့်' နှင့် အိန္ဒိယဘုရင်ခံချုပ်က မြန်မာဘုရင်ခံ၊ ဘုရင်ခံတို့နှင့်တိုင်ပင် ရွေးကောက် တင်မြှောက် အပ်သော အိန္ဒိယပြည်၊ မြန်မာပြည်တို့မှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်ကိုးယောက် ပါဝင်စေရမည်။

(၂) အမှုဆောင်အဖွဲ့၌ နေရာ(တစ်ခု)လစ်လပ်နေလျှင် အမှုဆောင်က ဘုရင်ခံချုပ်အား လစ်လပ်သည့်နေ့မှသုံးလအတွင်းအကြောင်းကြားရမည်။

(၅)

**ဟိန္ဒူများ၏ အခွင့်အရေးများ။**

ဤ အက်ဥပဒေနှင့်တကွ ၎င်းဥပဒေအရ ပြုလုပ်အပ်သော စည်းမျဉ်းများ အတည်ဖြင့်လင့်ကစား မည်သည့် ဟိန္ဒူဇာတ်ဝင်မဆို တန်ဆောင်းတော်တွင်းရှိ မြတ်စွာဘုရား၏ ရုပ်ပွားတော်ကို ဝင်ရောက် ဖူးမြော်ရန်နှင့် ဘုရားတန်ဆောင်း၏ မြောက်ဘက်ရှိ ဗောဓိပင်အောက်ဝယ် သပိတ်သွပ်ခြင်းတို့ကို ပြုလုပ်နိုင်ရမည်။

သို့သော် ဤပုဒ်မအရ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဘုရားမြေပေါ်တွင် ဘာသာရေးနှင့် ပတ်သက်၍လည်းကောင်း၊ အခြားအရေးတစ်ခုခုနှင့် ပတ်သက်၍လည်းကောင်း ဆိတ် သို့မဟုတ် အခြားတိရစ္ဆာန်များကို သတ်ဖြတ်ခွင့် မပြုချေ။

(၆)

**ပိုင်ပစ္စည်းများကို ခွင့်လွှတ်မှု။**

ဤ အက်ဥပဒေနှင့်တကွ ၎င်းအက်ဥပဒေအရ ပြုလုပ်အပ်သော စည်းမျဉ်းများ အတည်ဖြစ်လင့်ကစား အမှုဆောင်မှာ ဗုဒ္ဓဂယာရှိ ဟိန္ဒူ "သိဝ" ဂိုဏ်းဝင်ကျောင်းနှင့်ပတ်သက်

သည့် လယ်မြေများ သို့မဟုတ် အခြားပစ္စည်း တစ်စုံးတစ်ရာကို စီမံ ခန့်ခွဲပိုင်ခွင့်မရှိချေ။

(၇)

**ငွေစာရင်းရှင်းတမ်း။**

နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီလ ၁ ရက်နေ့မှအစပြု၍ သုံးလအတွင်း အမှုဆောင်အဖွဲ့သည် ရုံးသို့ လွန်ခဲ့သောနှစ်အတွင်းက ဘုရား တန်ဆောင်းတော်နှင့် ပတ်သက်သော ဝင်ငွေ ထွက်ငွေ စာရင်းရှင်းတမ်း အပြည့်အစုံ အမှန်အကန် ပြုလုပ်တင်သွင်းရမည်။ သို့သော် ဤပုဒ်မအရ ငွေစာရင်းရှင်းတမ်း တင်သွင်းရန်အချိန် ကန့်သတ်ချက်ကို ရုံးတော်က ယုံကြည်စိတ်ချလောက်သောအကြောင်း ခိုင်မာစွာပြနိုင်က ရက်ရွှေ့ဆိုင်းပေးနိုင်သည်။

(၈)

**စည်းမျဉ်းများလုပ်ရန်အာဏာ။**

(၁) အမှုဆောင်အဖွဲ့သည် အချိန်ကာလ အလျောက် ဤ အက်ဥပဒေ၏ရည်ရွယ်ချက်များ ခရီးရောက်အောင် စည်းမျဉ်းများ လုပ်နိုင်သည်။

(၂) အထက်ပါ အများနှင့်ဆိုင်သော အာဏာကို

လွှဲအပ်ထားသည့်အလျောက် မလိုမုန်းထား စိတ်အလျဉ်းမရှိဘဲ၊ မျှတစွာ အောက်ပါ အချက်တစ်ခုခုကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း အဓိကထားပြီး စည်းမျဉ်းများ ရေးဆွဲရာသည်။ အချက်များမှာ၊

(က) ဘုရားတန်ဆောင်းတော်ကို ထိန်းသိမ်းမှု၊ ပြင်ဆင်မှု။

(ခ) ဘုရားမြေကို ကောင်းမွန်အောင် ပြုပြင်မှု။

(ဂ) ဘုရားဖူးများ၏ လုံခြုံမှုနှင့် စောင့်ရှောက်မှု။

(ဃ) ဘုရား တန်ဆောင်းတော် သို့မဟုတ် ဘုရားမြေနှင့်ပတ်သက်သော၊ ငွေစာရင်းရှင်းတမ်းများ၊ အရေးကြီးသော စာရွက်စာတမ်းများကို ကောင်းမွန်လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်မှု။

(င) ဗုဒ္ဓဘာသာများနှင့် ဟိန္ဒူများ၏ ပေါင်းသင်းဆက်ဆံရေး တည်တံ့ မှုတို့ဖြစ်လေသည်။

(၉)

ရှင်းချက်။ ဤ ဥပဒေသည် ယခုအချိန်ကာလ အတောအတွင်း ရှေးဟောင်း အဆောက်အဦး များ သိမ်းဆည်းစောင့်ရှောက်မှုဘက်ဆိုင်ရာ ဥပဒေမှတစ်ပါး၊ အခြားသော ဗြိတိသျှ-အိန္ဒိယ အတွင်းရှိ အက် ဥပဒေများနှင့် မသက်ဆိုင်စေရ။

## အကြောင်းပြချက် ရှင်းတမ်း

ဗုဒ္ဓဂယာရှိ မဟာဗောဓိတန်ဆောင်းတော်သည် ဗုဒ္ဓရှင်တော်ဘုရား၊ ဘုရားအဖြစ်သို့ ရောက်တော်မူရာဌာနတွင် တည်ရှိသည့်အတွက် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ဆုံးသော ဘုရားကျောင်းတော် ဖြစ်သည်။

မက္ကာမြို့သည် မွတ်စလင်တို့အတွက်၊ အယုဒ္ဓယ(သာကေတ) မြို့သည် ဟိန္ဒူတို့အတွက်၊ ဂျေရုဆလင်မြို့သည် ခရစ်ယာန်တို့အတွက် ဘာသာရေးတွင် အထွတ်အမြတ်ဆုံးနေရာများ ဖြစ်သကဲ့သို့ ဗုဒ္ဓဂယာမှာ ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ဖြစ်ပေသည်။

ဗုဒ္ဓဂယာရှိကျောင်း အဆောက်အဦးစသည်တို့မှာ ယခုအခါ ဘာသာကွဲ၊ ဗုဒ္ဓဂယာနေ မဟာဒေဝ(သိဝ) ဂိုဏ်းဝင် ဟိန္ဒူမဟန့်(ရသေ့) ၏လက်ထဲတွင် ရှိနေပါသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဗုဒ္ဓဘာသာဝင်တို့သည် ထို ကျောင်း၊ ကန်၊ အဆောက်အဦးနှင့် ဘုရားမြေ

တို့ကို မဟန့်က ချုပ်ချယ်စီမံခြင်းကို များစွာမနှစ်မြို့ခြင်း ဖြစ်ခဲ့လေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ ကျောင်း၊ ကန်ကို မိမိတို့ကိုယ်တိုင်သာ အုပ်ချုပ်လိုခြင်းတည်းဟူသော ပြင်းပြသည့်ဆန္ဒကို ပြခဲ့ကြလေသည်။ ထိုသို့ ဆန္ဒဖြစ်ခြင်းမှာလည်း ဓမ္မတာအလျောက်ပင် ဖြစ်ပေသည်။

ယခု ဤ ဥပဒေကြမ်းကား ထို မဟာဗောဓိ တန်ဆောင်းတော် အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဟိန္ဒူများ ဝင်ရောက်ပူဇော်နိုင်ခွင့်နှင့် တန်ဆောင်းတော်၏ မြောက်ဘက်မျက်နှာရှိ ဗောဓိညောင်ပင်အောက်၌ (သပိတ်သွတ်ခြင်း) ပိဏ္ဍလှူဒါန်းနိုင်ခြင်းတို့ကို မလိုမုန်းထားစိတ် အလျဉ်းမရှိဘဲ အိန္ဒိယ၊ မြန်မာပြည်မှ ဗုဒ္ဓဘာသာဝင်တို့ အား ကောင်းမွန်စွာ စီမံအုပ်ချုပ်စေဘို့ အခွင့်အရေးပေးရန်ပင် ဖြစ်သည်။

## သတ္တဋ္ဌာန
## (ရှေးအဆိုနှင့် ယခုအဆို)

(၁)ပလ္လင်္ကသတ္တာယ – ဘုရားအဖြစ်သို့ ရောက်ပြီးသည်နောက် ဗောဓိပင်နှင့် ‘လေးတောင်ကွာ’ အရှေ့မျက်နှာ၌တည်သော ရွှေပလ္လင်ထက်တွင် ထက်ဝယ်ဘွဲ့ ခွေနေဖတ်မူ၍ ပဋိစ္စသမုပ္ပါဒတရားတော်ကို အနုလောမ ပဋိလောမအားဖြင့် ဆင်ခြင်လျက် နတ်အပေါင်းတို့၏ အပူဇော်ကိုခံယူကာ ခုနစ်

ရက်ပတ်လုံး စမ္မယ်တော်မူသောကြောင့် "ပလ္လင်္က သတ္တာဟ" မည်၏။

ယခုရှိပုံမှာ – ဗောဓိပင်၏ အရှေ့ဘက်အနီး၌ မြန်မာဘုရင်၏ စေတမန်တော်များ အုတ်ကျောက်ဖြင့် ပြုလုပ်ထားခဲ့သော ပလ္လင်တစ်ခုရှိသည်။ ၎င်းကို ပင်အများသော ဘုရားဖူးတို့က ရှေးပလ္လင်တော်နေရာအဖြစ်ဖြင့် ရည်မှန်းပူဇော်ကြသည်။ သို့သော် အချို့ပုဂ္ဂိုလ်များက ယခုတည်ရှိသော အရှေ့အနောက် ၉၇ ပေ၊ တောင်မြောက် ၇၇ ပေ၊ အမြင့်ပေ ၁၃၀ ခန့်ရှိ စေတီတော်ကြီး၏ အတွင်း ခန်းမကြီးနေရာသည်ပင် ရှေးပလ္လင်တော် နေရာဟု ဆိုကြပြန်၏။

(၂) အနိမိသသတ္တာဟ – ရွှေပလ္လင်တော်မှ ထတော်မူ၍ ဗောဓိပင်မှ အရှေ့မြောက် 'တစ်ဆယ့်လေးလံကွာသော' အရပ်၌ ရပ်တော်မူလျက် "ငါသည် ဤရွှေပလ္လင်ထက်၌ပင် သဗ္ဗညုတဉာဏ်ကို ရပေသည်တကား" ဟု မမှိတ်သောမျက်စိဖြင့် ကြည့်ရှုတော်မူလျက် ခုနစ်ရက်ပတ်လုံး စမ္မယ်တော်မူရာ အရပ်သည် "အနိမိသ သတ္တာဟ" မည်၏။

ယခုရှိပုံမှာ – ပလ္လင်တော်မှ အရှေ့မြောက်ထောင့် ၂၂၇ပေကွာ မဟာဗောဓိ စေတီတော်ကြီးနှင့်တူသော

စေတီတော်ငယ်တစ်ဆူကိုပင် **အနိမိသ** ဟု မှတ်ယူပူဇော်ကြသည်။ ၎င်း၏ အမြင့်ပေ ၂၀ခန့်၊ အနံ၊ အလျား၊ စတုရန်း ၁၆ပေ၊ ၄လက်မ ရှိ၍ အရှေ့သို့ မှခ်ဝလှည့်လျက်ရှိသည်။ ရှေးကျောင်းတော်ပျက်မြေပုံ(ကုန်းမြင့်) ပေါ်၌တည်ရှိ၏။

**(၃) ရတနစင်္ကမသတ္တာဟ** – ဘုရားအလောင်းတော်သည် စံပျော်ဘူးသော ရွှေပလ္လင်ကို ခင်မင်တောင့်တခြင်း မပြတ်သေးဟူသော နတ်တို့၏ သံသယကို ပယ်ဖျောက်ခြင်းငှါ ကောင်းကင်သို့ပျံတက်၍ ရေ–မီး အစုံစုံထွက်စေခြင်း စသော ယမိုက်ပြာဋိဟာကို ပြတော်မူပြီးနောက် ရွှေပလ္လင်နှင့် အနိမိသ အကြား အတောင် ၂၀ ရှိသောအရပ်ကို အလယ်ထား၍ တဖက် ငါးလံကွာဌာနတွင် အရှေ့မှသည် အနောက်သို့ အတောင် ၆၀ ရှည်သော ရတနာစင်္ကြံကို ဖန်ဆင်းလျက် ခုနစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူရာ အရပ်သည် **“ရတနစင်္ကမသတ္တာဟ”** မည်၏။

**ယခုရှိနေပုံ** – မဟာဗောဓိမှ ၅၈ ပေကွာ၍ အရှေ့အနောက် အလျား ၅၄ ပေ၊ ၉ လက်မ၊ အနံ ၄ ပေ၊ အမြင့် ၃ ပေ မြင့်သော စင်္ကြံထိပ်၌ စီတန်းလျက် ကြာပွင့်ပုံ ၁၉ ပုံပါရှိသော နေရာဖြစ်သည်။

(၄)ရတနဃရသတ္တာဟ – မဟာဗောဓိပင်မှ အနောက်မြောက် 'အတောင် ၄၀ ကွာ' တွင် နတ်တို့သည် ရတနာ ခုနစ်ပါးဖြင့် ဖန်ဆင်းအပ်သော ရတနာအိမ်၌ ပဋ္ဌာန်းကျမ်းကို ဆင်ခြင်တော်မူ၍ ခြောက်ပါးသောရောင်ခြည်တော်တို့ ထွက်ပေါ်ကွန့်မြူးကာ ခုနစ်ရက်ပတ်လုံး စမ္မယ်တော်မူရာကို "ရတန ဃရ သတ္တာဟ" ဟုခေါ်သည်။

ယခုရှိနေပုံ – ဗောဓိပင်မှ အနောက်မြောက်အရပ်၊ ၁၅၃ပေ အကွာ၌ အရှေ့အနောက် ၁၄ ပေ၊ ၄ လက်မ၊ တောင်မြောက် ၁၂ ပေမျှသာကျယ်ဝန်း၍ မြောက်ဘက်သို့ အပေါက်လှည့်လျက်ရှိသော အုတ်တိုက်ကို မှတ်ယူကြသည်။

(၅)အဇပါလသတ္တာဟ – မဟာဗောဓိပင်မှ အရှေ့မျက်နှာသုံးဆယ် နှစ်လံကွာ "အဇပါလ" မည်သော ညောင်ပင်ရင်းသို့ ချဉ်းကပ်တော်မူ၍ မာရ်နတ်မင်း၏ သမီးတော် များဖြစ်ကြသော တဏှာ၊ အရတီ၊ ရာဂါတို့၏ ဖြားယောင်းခြင်းကို ပယ်ရှားအောင်မြင်ရာ (တနည်း) ဟုံဟုံက မည်သော ပုဏ္ဏား၏ ပြဿနာတို့ကို ဖြေကြားတရားဟောတော်မူလျက် ခုနစ်ရက်ပတ်လုံး စမ္မယ်တော်မူရာ အရပ်သည် "**အဇပါလ သတ္တာဟ**" မည်၏။

**ယခုရှိနေပုံ** – ဗောဓိပင်မှ အရှေ့ ၁၇၄ ပေအကွာတွင် မဟာဗောဓိ စေတီတော်ကြီးပုံအတိုင်းပင် စေတီယ်တစ်ဆူရှိသည်။ ၎င်း၏ အမြင့်မှာ ၁၅ပေခန့်၊ အကျယ်အဝန်း စတုရန် ၃၀ ပေနှင့် ၄ လက်မ၊ မြောက်သို့ မုခ်ဝလှည့်လျက်ရှိသည်။

**(၆)မုစလိန္ဒသတ္တာဟ** – ဗောဓိပင်မှ အရှေ့တောင်မျက်နှာ '၅၁ လံကွာ (ဝါ) ၂၉ လံကွာတွင်' မုစလိန္ဒရေအိုင်အနီးကျည်းပင်ကြီးရင်း၌ အခါမဲ့ရွာသွန်းသော မိုးရေဘေးမှ ကာကွယ်စောင့်ရှောက်လာသော မုစလိန္ဒနဂါးမင်း၏ အပူဇော်ကိုခံလျက် ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ကို ဝင်စားတော်မူရာကို **"မုစလိန္ဒ သတ္တာဟ"** ခေါ်သည်။

**ယခုရှိနေပုံ** – ဗောဓိပင်မှ တောင်ဘက် ၃၃၂ ပေအကွာ၌ အုတ်တိုက်ဝတ်ကျောင်း ဆောက်ထားသည့် ရေကန်ဟုဆိုကြသည်။ မြောက်ဘက် ကန်ဘောင်ရိုးပေါ်၌ စမုခ် ၂ ဆောင်ထုတ်လျက် အမြင့် ၁၆ ပေခန့်၊ အရှေ့အနောက် မုခ်ဝအကျယ် ၃၅ ပေ၊ တောင်မြောက် ၃၅ ပေ၊ ၆ လက်မကျယ်သည်။ ၎င်းနှင့်တဆက်တည်း အရှေ့ဘက် ဂူလိုဏ်ပေါင်း ၁၇ လိုဏ်တန်းလျား လုပ်ထား၍ အမြင့်မှာ ၆ ပေခန့်စီရှိ၏။ ၎င်းရေကန်ကို ကာ

ရန်ထားသော အုတ်တံတိုင်း စတုရန်းပေ ၂၀၀ ကျော်ခန့်ရှိသည်။

(၇) ရာဇာယတနသတ္တာဟ – လင်းလွန်းပင်ရင်း၌ စံနေတော်မူ၍ ခုနစ်ရက်စေ့မြောက် နံနက်သို့ရောက်သောအခါ သိကြားမင်း၏ ကွမ်းရိုး၊ ဒန်ပူနှင့် ကြဖုသီးကို အလှူခံလျက် မျက်နှာသစ်တော်မူပြီးသည်နှင့် တစ်ပြိုင်နက် ဥက္ကလာပ ဇနပုဒ် ပေါက္ခရဝတီမြို့သား တဖုဿ၊ ဘလ္လိက ညီနောင်နှစ်ယောက်တို့၏ ပျားမုန့်ဆုပ်ကို ခံယူမည်ကြံသောအခါ စတု မဟာရာဇ်နတ်မင်းကြီးလေးယောက်က ပဲနောက်အဆင်းရှိသော ကျောက်သပိတ်ကို လှူဒါန်း၍ ထိုသပိတ်ဖြင့်ပင် ခံယူသုံးဆောင်ကာ ဒွေဝါစိက သရဏဂုံနှင့် ဆံတော်ဓာတ်ကိုလည်း ပေးအပ်တော်မူလိုက်သည်။ ဤဌာနကို "ရာဇာယတန သတ္တာဟ" ခေါ်သည်။

ယခုရှိနေပုံ – ဤနေရာ၌ ယခုအခါ သတ်မှတ်ပြနိုင်လောက်အောင် အဆောက်အဦး အခိုင်အခံ့ တစ်စုံတစ်ရာ မတွေ့ရတော့ဘဲ ရှေးစေတီတော်ပျက် ကုန်းမြင့်(ဖိနပ်) တစ်ခုကိုကား တွေ့နိုင်သေး၏။ ထိုကုန်းမြင့်ကိုကြည့်လျှင် ရှေးအခါက အတော်အတန် ကောင်းမွန်သော စေတီတစ်ဆူ

တည်ရှိခဲ့ဘူးလိမ့်မည်ဟု ယုံကြည်ရပေသည်။ ၎င်းဖိနပ်တော်အကျယ် စတုရန်းမှာ ၇၉ ပေ၊ ၃ လက်မရှိသည်။

## ဗုဒ္ဓဂယာ ဥပဒေမူကြမ်း

3, Windsor Place,
New Delhi
28th February, 1935.

Dear Sir,

We have obtained the previous sanction of His Excellency The Governor-General to introduce the Buddha Gaya Temple Bill, a copy of which is enclosed herewith.

We hope we shall have your support when it comes up for consideration.

We shall address you again stating our case more fully before it is introduced.

Yours Truly,
(U) THEIN MAUNG
(U) BA SI.
(Dr)THEIN MAUNG

TO BE INTRODUCED IN THE LEGISLATIVE ASSEMBLY. A BILL.

to

make provision for the restoration of the Buddha Gaya Temple and its premises to Buddhists and for the better management of the same.

Whereas it is expedient to make provision for the restoration of the Buddha Gaya Temple to the Buddhists and for the better management of the same, it is hereby enacted as follows:-
Short title, extent and commencement.

1. This Act may be called the Buddha Gaya Temple Act 1935.

2. It shall extend to the whole British India; and

3. It shall come into force immediately,

2, In this Act; unless there is anything repugnant in the subject or context.

**Definition.**

(a) "The Temple" means the Great Temple built by the side the Maha Bodhi Tree near Buddha Gaya village in Gaya District.

(b) "The Temple Land" means the land on which the Maha Bodhi Temple and its precincts stand.

(c) "The Mahant" means the presiding priest for the time being of the Saivite Monastery at Buddha Gaya.

(d) "Committee" means the Managing Committee constituted under the provisions of this Act.

(e) "Court" means the Court of the District Judge of Gaya.

3, The Government of India shall immediately on the passing of this Act, **Management and Control**, establish a Committee as herewith provided and entrust it with the management and control of the Temple land, the Temple and the worship in it.

4, (1) The Committee shall consist of the Mahant and nine representatives of the **Constitution of Committee.** Buddhists of India, Burma and Ceylon, to be nominated by Governor-General of India in consultation with the Governmants of Burma and

Ceylon.

**Statement of accounts.** shall prepare and furnish to the court a full and true statement of accounts of all moneys received or expended by them on behalf of the Temple during the previous year.

Provided that the Court may, if it is satisfied that there is sufficent cause for so doing, extend the time allowed for furnishing of any statement of accounts under this section.

8. (1) The Committee may, from time to time, make rules to carry into effect the **Power to make Rules.** purposes of this Act.

(2) In particular and without prejudice to the generality of the foregoing power such as rules may provide for all or any of the following matters, namely:-

(a) the upkeep and repair of the Temple;
(b) the improvement of the Temple land;
(c) the welfare and safety of the pilgrims;
(d) the safe custody of statements of accounts other documents relating to the Temple or the Temple land; and
(e) The maintenance of cordial relations betweene the Buddhist and the Hindu pilgrims.

9, Nothing in this Act shall affect any other enactment **Saving** for the time being in force in British India providing for the preservation of ancient monuments.

## STATEMENT OF OBJECT AND REASONS.

The Maha Bodhi Temple at Buddha Gaya is the most sacred shrine of the Buddhist world, as it stands on the spot where Lord Buddha attained Supreme Wisdom. It is to the Buddhist

what Macca is to the Muslim, Ayodhya to the Hindu and Jerusalem to Christian. It is in the hands of a non-Buddhist, the Saivite Mahanth of Buddha Gaya. For many years past the Buddhists have been greatly dissatisfied with his management of the Temple and the Temple Land. They have expressed their strong desire to have them restored to their control. The desire is but natural, and this bill is intended to make provision for the better management of the Temple and the Temple Land and for their restoration to the Buddhists of India, Burma and Ceylon without prejudice to the right of Hindus to worship the Image of Buddha in the Temple and to offer Pinda at the Bodhi Tree to the north of the Temple.

## ဗုဒ္ဓဂယာ ဥပဒေမူကြမ်း

အမှတ် ၃၊ ဝင်ဆာ၊
နယူးဒေလီ၊
၁၉၃၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်။

လူကြီးမင်းခင်ဗျား–

ပူးတွဲပါ ဗုဒ္ဓဂယာဘုရားကျောင်း ဥပဒေမူကြမ်းကို ဥပဒေပြုလွှတ်တော်သို့ တင်သွင်းရန်အတွက် ဘုရင်ခံချုပ်၏အမိန့်ကို ကျွန်တော်များ လက်ခံရရှိပြီ ဖြစ်ပါသည်။

ဤဥပဒေမူကြမ်းကို ဥပဒေပြုလွှတ်တော်သို့ စဉ်းစားဆုံးဖြတ်ရန်

တင်သွင်းသည့်အခါတွင်၊ လူကြီးမင်းက ဥပဒေအဖြစ် အတည်ပြုပေး ပါရန် ထောက်ခံပေးလိမ့်မည်ဟု ကျွန်တော်များက မျှော်လင့်ကြပါသည်။

ဤဥပဒေမူကြမ်းကို ဥပဒေပြုလွှတ်တော်သို့ တင်သွင်းခြင်းမပြုမီ ၎င်းနှင့်စပ်လျဉ်း၍ ပိုမိုပြည့်စုံသော အချက်အလက်များကို လူကြီးမင်း၏ ထံသို့ ထပ်မံ၍ တင်ပြအကြောင်းကြားဦးမည် ဖြစ်ပါသည်ခင်ဗျား။

လေး စား စွာ ဖြင့်

၁။(ဦး) သိန်းမောင်

၂။(ဦး) ဘစိ

၃။(ဒေါက်တာ) သိန်းမောင်

## ဥပဒေပြုလွှတ်တော်သို့ တင်သွင်းရန် ဥပဒေမူကြမ်း

ဗုဒ္ဓဘာသာဝင်များနှင့် သက်ဆိုင်သည့် ဗုဒ္ဓဂယာရှိ ဘုရားကျောင်းနှင့်တကွ၊ အဆိုပါ ဘုရားကျောင်းနှင့် ဆက်စပ်လျက်ရှိသော ဥပစာများအား ပြန်လည်ပြုပြင် မွမ်းမံရန်နှင့် ပိုမိုကောင်းမွန်သော အစီအမံများ ပြုလုပ်ရန်အလို့ငှါ ဥပဒေမူကြမ်းကို ဥပဒေပြုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးပါရန်အတွက် တင်သွင်းအပ်ပါသည်။

ဗုဒ္ဓဘာသာဝင်များနှင့် စပ်လျဉ်းသော ဗုဒ္ဓဂယာရှိ ဘုရားကျောင်းကို ပြန်လည်ပြုပြင် မွမ်းမံရန်အလို့ငှါ၊ ပိုမိုကောင်းမွန်သော အစီအမံများ ပြုလုပ်ရန် ဥပဒေကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်။

၁။ ခေါင်းစဉ်ကို ဥပဒေအာဏာစက်တည်ရာ နယ်နိမိတ်နှင့် ဥပဒေ

အာနိသင်စတင်ခြင်း၊

(၁) ဤ အက်ဥပဒေကို ဗုဒ္ဓဂယာဘုရားကျောင်း အက်ဥပဒေ ၁၉၃၅ ဟု ခေါ်တွင်စေနိုင်သည်။

(၂) ဤ ဥပဒေသည် ဗြိတိသျှပိုင် အိန္ဒိယနိုင်ငံတစ်ခွင်လုံးတွင် အာဏာက် ပြန့်နှံ့စေရမည့်အပြင်၊

(၃) ချက်ချင်း အာဏာတည်စေရမည်။

၂။ ဤ ဥပဒေတွင် အကြောင်းချင်းရာအရလည်းကောင်း၊ သို့တည်း မဟုတ်၊ အချက်အလက်အရလည်းကောင်း၊ ဆန့်ကျင်ကွဲလွဲမှု တစုံတရာ မရှိလျှင်၊ အောက်တွင်ဖော်ပြပါရှိသည့် အဓိပ္ပါယ် ဖွင့်ဆိုချက်များအတိုင်း ဖြစ်စေရမည်။

**စကားလုံးအဓိပ္ပါယ် ဖွင့်ဆိုချက် –**

(က) "ဘုရားကျောင်း" ဆိုသည်မှာ ဂယာခရိုင်၊ ဗုဒ္ဓဂယာ ကျေးရွာအနီးတွင် ပေါက်ရောက်တည်ရှိသောမဟာဗောဓိ ပင်၏နံဘေးတွင် ဆောက်လုပ်ထားသည့်ဘုရားကျောင်း ကိုဆိုလိုသည်။

(ခ) "ဘုရားကျောင်းမြေ" ဆိုသည်မှာ မဟာဗောဓိဘုရား ကျောင်း တည်ရှိရာမြေနှင့်တကွ၊ အဆိုပါဘုရားကျောင်း နှင့် ဆက်စပ်လျက်ရှိသည့် ဥပစာမြေများကို ဆိုလိုသည်။

(ဂ) "မဟန့်" ဆိုသည်မှာ ဗုဒ္ဓဂယာတွင် တည်ရှိသည့် (SAIVITE) သာဝတ္တိ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်လျက်ရှိသော (စီမံကွပ်ကဲလျက်ရှိသော)

ဘုန်းတော်ကြီးကို ဆိုလိုသည်။

(ဃ) "ကော်မီတီ" ဆိုသည်မှာ ဤဥပဒေပြဋ္ဌာန်းချက်အရ ဖွဲ့စည်းထားသည့် "စီမံအုပ်ချုပ်မှုကော်မီတီ" ကို ဆိုလိုသည်။

(င) "တရားရုံးတော်" ဆိုသည်မှာ ဂယာတွင်တည်ရှိသည့် ခရိုင်တရားသူကြီး၏ ရုံးတော်ကို ဆိုလိုသည်။

၃။ အိန္ဒိယနိုင်ငံအစိုးရသည် ဤစီမံခန့်ခွဲမှုနှင့် ကြီးကြပ်အုပ်ချုပ်မှု ဥပဒေကို အတည်ပြုပြန်ဋ္ဌာန်းပြီးလျှင်ပြီးချင်၊ ဘုရား ကျောင်း စေတီ ပုထိုးနှင့်တကွ အဆိုပါဘုရားကျောင်း စေတီပုထိုးတို့နှင့် သက်ဆိုင်သော မြေပရဝုဏ်တို့အပြင် အဆိုပါ ဘုရားကျောင်း၊ စေတီပုထိုးထို့တွင် ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ ကော်မီတီတစ်ရပ်ကို ဖွဲ့စည်းစေလျက်၊ ထိုကော်မတီအား ဤဥပဒေတွင် ပြဋ္ဌာန်းဖော်ပြပါရှိသည့် စီမံဆောင်ရွက်ပိုင်ခွင့်များကို အပ်နှင်းစေရမည်။

၄။ ကော်မီတီတွင် "မဟန့်" ပုဂ္ဂိုလ်တပါးနှင့်တကွ၊ "အခြေခံဥပဒေ ကော်မီတီ" ၏ ကိုယ်စားလှယ် ကိုးဦးပါဝင်စေရမည်။ အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်သည် မြန်မာနိုင်ငံ အစိုးရနှင့်ညှိနှိုင်း၍ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံများရှိ ဗုဒ္ဓဘာသာဝင်များထဲ မှ ရွေးချယ် ခန့်ထားစေရမည်။

## စာရင်းရှင်းတမ်းတင်သွင်းခြင်း

ယမန်နှစ်ကာလအတွင်းက ဘုရားကျောင်း၏ကိုယ်စား ရသုံးငွေ စာရင်းရှင်းတမ်း အပြည့်အစုံအမှန်အကန်များကို ပြုစု၍ တရားရုံးတော်

သို့ တင်ပြစေရမည်။

သို့ရာတွင် တရားရုံးတော်က စာရင်းရှင်းတမ်းတင်ပြရန် အချိန်ကန့်သတ်ချက်ကို တိုးမြှင့်ပေးရန်အတွက် ကျေနပ်လက်ခံဖွယ် လုံလောက်သော အကြောင်းရှိခဲ့လျှင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြုနိုင်သည်။

(မှတ်ချက်။ အပိုဒ် ၅၊ ၆၊ ၇ ပျောက်ဆုံး)

## စည်းမျဉ်းရေးဆွဲပိုင်ခွင့်အာဏာ

၈။ (၁) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကျိုးသက်ရောက်မှုရှိစေရန်အလို့ငှာ ကော်မီတီသည် အခါအားလျော်စွာ စည်းမျဉ်းများရေးဆွဲနိုင်သည်။

(၂) အောက်တွင် ဖော်ပြပါရှိသည့် အကြောင်းချင်းရာများ အားလုံးကိုဖြစ်စေ အကြောင်းချင်းရာတစ်ခုကို ဖြစ်စေ အထက်ပုဒ်မတွင် အပ်နှင်းထားသည့် အာဏာ၏ ယေဘုယျသဘောသဘာဝကို မဆန့်ကျင်စေဘဲ၊ အထူးအားဖြင့် အဂတိ ကင်းရှင်းစွာ စည်းမျဉ်းများကို ပြဋ္ဌာန်းနိုင်သည်။

(က) ဘုရားကျောင်းကို ထာဝစဉ်ပြုပြင်မွမ်းမံရန်။

(ခ) ဘုရားကျောင်း ဝတ္တကမြေကို တိုးတက်ကောင်းမွန်မှုရှိစေရန်။

(ဂ) လာရောက်ကြသည့် ဘုရားဖူးဧည့်သည်များ၏ လုံခြုံ

မှုနှင့် စိတ်ချမ်းသာမှုတို့ကို ရှေ့ရှုဆောင်ရွက်ပေးရန်။

(ဃ) ဘုရားကျောင်း သို့တည်းမဟုတ် ဘုရားကျောင်း ဝတ္တကမြေနှင့် စပ်လျဉ်းသမျှသော စာရွက်စာတန်း မှတ်တမ်းမှတ်ရာများ နှင့်တကွ၊ စာရင်းအင်းများကို လုံခြုံစွာ ထိမ်းသိမ်းထားရှိရန်။

(င) ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘုရားဖူးများအကြားတွင် တည်ရှိပြီးဖြစ်သော ကောင်းမွန်ပြေပြစ်သည့် ဆက်ဆံမှုများကို ထိမ်းသိမ်းရန်။

၉။ ရှေးဟောင်း အဆောက်အဦများနှင့် စပ်လျဉ်း၍ ထိမ်းသိမ်းစောင့်ရှောက်ရန်အလို့ငှါ ဗြိတိသျှ အိန္ဒိယတွင် တည်ရှိဆဲ ပြဋ္ဌာန်းထားသော တည်ရှိဆဲ အခြားဥပဒေများအား၊ ဤ ဥပဒေပါ အချက်အလက်တစ်ရပ်ရပ်အရ ထိခိုက်ခြင်း မရှိစေရ။

**ရည်ရွယ်ချက်နှင့် အကြောင်းချင်းရာများ ရှင်းလင်းတင်ပြချက်**

ဗုဒ္ဓဂယာတွင် တည်ရှိသော မဟာဗောဓိဘုရားကျောင်းသည် ဗုဒ္ဓဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ပွင့်လင်းရာ နေရာဒေသဖြစ်သည်နှင့် အညီ ဗုဒ္ဓဘာသာဝင်များအနေဖြင့် အထွတ်အမြတ်ကြည်ညို ကိုးကွယ်ရာ နေရာဒေသ ဖြစ်ပါသည်။ ယင်းဒေသသည် မွတ်စလင်ဘာသာဝင်များက "မက္ကာ" ကို အထွတ်အမြတ်နေရာဒေသအဖြစ် မှတ်ယူထားသကဲ့သို့လည်းကောင်း၊ ဟိန္ဒူဘာသာဝင်များက "အယုဒ္ဓယ" ကို အထွတ်အမြတ်အဖြစ် ထားရှိသကဲ့သို့လည်းကောင်း၊ ထို့အပြင် ခရစ်ယာန်ဘာသာဝင်

များက "ဂျေရုဆလင်" ကို အထွတ်အမြတ်ဒေသအဖြစ် ထားရှိသကဲ့သို့လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်များက "မဟာဗောဓိ" ကျောင်းတော်ကို အထွတ်အမြတ်ဒေသအဖြစ် ထားရှိခြင်းဖြစ်ပေသည်။ အဆိုပါ မဟာဗောဓိဘုရားကျောင်းသည် ဗုဒ္ဓဘာသာဝင်မဟုတ်သော သာဝတ္ထိမဟန့် ပုဂ္ဂိုလ်တစ်ဦး၏ လက်ဝယ်တွင် ရောက်ရှိနေပါသည်။ ဗုဒ္ဓဘာသာဝင်များသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဘုရားကျောင်းနှင့်တကွ ဘုရားကျောင်း ဝတ္တာမြေအား ထိုပုဂ္ဂိုလ်၏ အုပ်ချုပ်စီမံနေမှုအား မကျေနပ်မှုများစွာ ဖြစ်ခဲ့ပါသည်။ ထိုမကျေမနပ်သူများသည် အဆိုပါ ဘုရားကျောင်းနှင့် ဝတ္တာကမြေ အုပ်ချုပ်မှုကို ၎င်းတို့၏လက်ဝယ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ပြင်းပြသောဆန္ဒကို ဖော်ပြလျက်ရှိခဲ့ပါသည်။ ဤသို့ ဆန္ဒဖြစ်ပွားနေရခြင်းသည် သဘာဝလည်းကျလှပါသည်။ ဤဥပဒေမူကြမ်းသည် ဘုရားကျောင်းတော်နှင့်တကွ ကျောင်းတော်၏ဝတ္တာကမြေကို ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုဆိုင်ရာအတွက် ရည်ရွယ်၍ပြဋ္ဌာန်းခြင်းဖြစ်သည့်အပြင်၊ သီဟိုဠ်နိုင်ငံ (သီရိလင်္ကာ) မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်များ၏ လက်ဝယ်သို့ပြန်လည်ရောက်ရှိရန် ဖြစ်ပါသည်။ သို့ရာတွင် ဤဥပဒေကို ပြဋ္ဌာန်းခြင်းအားဖြင့် ဟိန္ဒူဘာသာဝင်များအဘို့၊ ဘုရားကျောင်းအတွင်း၏ မြောက်ဘက်တွင်တည်ရှိသော ဗောဓိပင်တွင်ရှိသည့် "ပင်ဒါ" အား လှူဒါန်းမှုကိစ္စရပ်များကို ထိခိုက်စေခြင်း မရှိစေရပါ။

# သတ္တဋ္ဌာန ဝေဖန်ချက်

သတ္တဋ္ဌာနအကြောင်းကို တရုတ်ရဟန်းတော်များနှင့် ကျောက်စာဝန်များ၏ မှတ်သားချက်များကို ဆိုင်ရာဆိုင်ရာ ဖော်ပြခဲ့ပြီးဖြစ်ရာ အထက်ပါခုနစ်ဌာနတို့တွင် အချို့ကို တထစ်ချ "ဤဟာဘဲ" ဟု လက်ညိုးထိုးပြနိုင်ရန် ခဲယဉ်းပေသည်။

အကြောင်းမှာ ကာလရှည်လျား၍ ဂေါပိတ၊ ရက္ခိတ ပုဂ္ဂိုလ်များ မရှိခိုက်တွင် အကြိမ်ပေါင်းများစွာ မိစ္ဆာအယူရှိသူတို့ ဖျက်ဆီးရှေ့လျောစေခဲ့ခြင်း၊ ဗုဒ္ဓဘာသာဝင်မင်းများ၏ အမိန့်ဖြင့် မွမ်းမံပြုပြင်ခဲ့သော အကြိမ်ပေါင်းလည်း များလှခြင်း၊ ပြုပြင်ခဲ့သူ ပန်းရံဆရာများမှာလည်း ကျောက်စာဝန်များကဲ့သို့ ရှာဖွေသတ်မှတ်ပြီးမှ သူ့နေရာနှင့်သူ မိတ္တူပုံစံအတိုင်း ပြုပြင်ခဲ့သည်မဟုတ်ဘဲ မိမိတို့ဉာဏ်မှီသလောက်သာ ပြင်ဆင်ထားခဲ့ကြခြင်းသောကြောင့်ပါတည်း။

ထိုပြင်တစ်ချက်မှာလည်း ဗောဓိပင်နှင့် သတ္တဋ္ဌာနနေရာတို့၏ အရပ်မျက်နှာများကို သင်္ဂါယနာဝင် အဋ္ဌကထာကြီးတို့၌ ဖော်ပြထားပါသော်လည်း "အဝေးအကွာ တောင်၊ တာ၊ လက်သစ်" များကိုမူကား လုံးဝဖော်ပြထားခြင်း မရှိပါ။

ဤစကားနှင့်စပ်လျဉ်း၍ ဖတ်ကြား မှတ်သားထိုက်သော ရွှေတောင်မြို့၊ ကြီးသဲလေးထပ်ဆရာတော်ကြီး၏ အမှာစကားကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

(ရန်ကုန်မြို့၊ သုဓမ္မဝတီတိုက်မှ ရိုက်နှိပ်သော "ဇိနတ္ထပကာသနီ ကျမ်း" ပထမတွဲ၊ စာမျက်နှာ–၅၇ မှ ၆၀ အထိ။)

ဗောဓိပင်နှင့် သတ္တဋ္ဌာနနေရာ အရပ်မျက်နှာတို့ကို သင်္ဂါယနာဝင် အဋ္ဌကထာကြီးတို့၌ တိုက်ရိုက်သေချာစွာလာ၏။ အဝေးအကွာ၊ တောင်၊ တာ၊ လက်သစ်များမလာ၊ အာစရိယ ပရမ္ပရ ရေးထားကြသော **ဗောဓိဝင် စာကိုယ် ဋီကာ၊ ဗောဓိဝိဘာဝနီ** စသော ကျမ်းငယ်တို့၌သာ လာသည်။

ယင်းသို့လာသော်လည်း စာတစ်စောင်နှင့်တစ်စောင် မညီကြ။ ယုတ္တိရသည်ကို မှီ၍သာဆိုရသည်။ ထိုစကားရပ်တို့တွင် ပလ္လင်တော် သည် 'ဗောဓိပင်မှ အရှေ့မျက်နှာ' ဟူသော စကားကို

'ပုရတ္ထိမဒိသာဘာဂံ ဂန္ဓာပစ္ဆိမာ ဘိမုခေါ်အဋ္ဌာသိ၊ ပုရတ္ထိမဒိသာ ဘာဂေ ပန သဗ္ဗဗုဒ္ဓါနံ ပလ္လင်္ကဋ္ဌာနံ အဟောသိ' ဟူသော –

**အပါဒါန် အဋ္ဌကထာ၊** ငုင်းနည်းတူလာသော ဗုဒ္ဓဝင် **အဋ္ဌကထာ၊ မဟာဝါ အဋ္ဌကထာ** တို့ကို မှီ၍ဆိုသည်။

**'လေးတောင်ထွာခြား၏'** ဟူသော စကားကို 'ဗောဓိဃသမီပေ ဝိဒတ္ထာဓိက စတုဟတ္ထန္တရေ ဌာနေ ပဝတ္တော ပလ္လင်္ကော' ဟူသော 'ပရိုက် **ကြီးဋီကာ**' ကို မှီ၍ဆိုသည်။

**'တဆုံလေးတောင် အပြောကျယ်၏'** ဟူသော စကားကို –

'တာနိ တိဏာနိ အဂ္ဂေ ဂဟေတွာ စာလေသိ၊ တာဝဒေဝ စုဒ္ဒ သဟတ္ထော ပလ္လင်္ကော အဟောသိ' ဟူသော **အပါဒါန်အဋ္ဌကထာ၊** ငုင်း နည်းတူလာသော **ဗုဒ္ဓဝင်အဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာ။** "စုဒ္ဒသဟတ္ထ ဝိတ္ထတံ တိဏသန္ထာရံ"။ ။ ဟူသော ငုင်း **အဋ္ဌကထာ** တို့ကို

လည်းကောင်း၊

'ပထဝိတော အမုဋ္ဌော ဟုတွာ သဏ္ဌာတိ'။ ။ ဟူသော မဏိဒီပပါဌ်။

'တိဏာ သန္တာရံ ပလ္လင်္ကံ တံဘူမိတော ကေသဂ္ဂမတ္တမ္ပိ ဥဒ္ဓံ နဇတိ'။ ။ ဟူသော **"မဓုသာရတ္ထ ဒီပနီ"** ကို မှီ၍ဆိုသည်။

**အရဏဝတီသုတ် ဋီကား –**

'တိဏာ သန္တာရံ သန္တရိတွာ စတုဒ္ဒသဟတ္ထပမာဏော ပလ္လင်္ကော ဥဋ္ဌဟိတွာ ပလ္လင်္ကေနိသီဒိတွာ'။ ။ စသည်ဖြင့် **'တဆုံလေးတောင် ပမာဏရှိသော ပလ္လင်ပေါက်သည်"** ဟု ဆို၏။

ဥဋ္ဌဟိတွာပါဌ်ကိုမှီ၍ ပရိတ်ကြီးဋီကာဆရာလည်း –

'ပထဗျာ ဥဋ္ဌိတော သဗ္ဗရတနမယော စုဒ္ဒသဟတ္ထုစ္စဝိတ္ထာရော တဒနုကုလာယာမော ဘူမိကဏ္ဍိကော အပရာဇိတပလ္လင်္ကော'။ ။ ဟူ၍ **"အမြင့်၊ အစောက် တဆုံလေးတောင်၊ အပြန့်အကျယ် တဆုံလေး တောင်' တို့နှင့် လျော်သော အလျားရှိကြောင်း'** ကို ဆိုသည်။

ထိုစကားများသည် ယခင်ကျမ်းများနှင့်မလျော်။ ယင်းသို့ မလျော် လျက် ကျမ်းဂန်အရေးအခင်း၌ မြင်းပြေးသကဲ့သို့ ပဋ္ဌာန်းရှုံတော်မူ သော အရှင်သီလဝံသထေရ်မြတ်သည် **"ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဟေ အောက်၊ ဆန်းကြယ်ပေါက်သား၊ ရောင်တောက်ပလ္လင်၊ သမိုက်ပြင်ထက်"** ဟူ၍ အဘယ့်ကြောင့် စပ်ဆိုပြန်သနည်းဟူမူ – လောက၌ ဆား၊ ဆပ်ပြာ ပေါက်သည်ဟူသော စကားကဲ့သို့ ဝေါဟာရကိုလိုက်၍ စပ်ဆိုသည်ဟု ယူရမည်ဟူ၍ **အဋ္ဌသာလိနီဂဏ္ဌိ** ၌ မိန့်၏။

**အနိမိသ** သည်၊ **မဟာဗောဓိမှ အရှေ့မြောက်** ဟူသော စကားကို–

"ပလ္လင်္ကတော၊ ဤသကံ ပါစိနနိဿိတေ ဥတ္တရဒိသာ ဘာဂေ ဌတွာ"။ ။ ဟူ၍ **အဋ္ဌကထာကြီးလေးကျမ်းအညီ** လာသည်ကို မှီ၍ ဆိုသည်။ **'တဆဲ့လေးလံကွာ'** ဟူသော စကားကို ယုတ္တိရသော **စာဟောင်း မှတ်ပုံကို** မှီ၍ဆိုသည်။

ဗောဓိဝိဘာဝနိဋ္ဌ ပလ္လင်နှင့်အနိမိသ **'လေးလံကွာ'** ဟုဆိုသည်။ **သမိုင်းမှတ်ပုံ** တို့၌ **'တဆဲ့လေးလံကွာ'** ဟု ဆိုသည်။ ထိုစကားသုံးရပ်ကို စပ်၍ညှိသော် **အနိမိသ** နှင့် **မဟာဗောဓိအကြား စင်္ကြံမဏ္ဍာန** ခြားရကား **'တဆဲ့လေးလံကွာ'** ဟူသော **သမိုင်းစကား** သင့်မြတ်သည်ဟု ဆရာကြီးတို့ဆိုသည်။ ရတနာစင်္ကြံဟူသည်လည်း၊ အမှတ်မဲ့ ဘုရားကြွတော်မူသည့် နေရာသာမဟုတ်။ နတ်တို့ဖန်ဆင်းအပ်သော **ရတနာ အတိပြီးသောစင်္ကြံ** ဖြစ်သည်။ ထိုကြောင့် –

ရတနစင်္ကမေတိ ဒေဝတာဟိ မာဝိတေ ရတနမယေ စင်္ကမေ' ဟု **ဘေရသကဏ္ဍဋီကာ** မိန့်သည်။

**'အလျားအတောင်ခြောက်ဆယ်'** ဟူသော စကားကို၊

'ပုထုလတောပန ဒိယဍ္ဎရတနံ ဒွိသုပဿေသု ရတနမတ္တံ အနုစင်္ကမံ ဒီဃတော သဋ္ဌိဟတ္ထံ၊ မုဒုတလသမဝိပ္ပ ကိဏ္ဏဝါလုကံ.စင်္ကမံ ဝဍ္ဎတိ' ဟူသော –

**အဘိဓမ္မာ အဋ္ဌကထာ** ကိုမှီ၍ဆိုသည်။ **ရတနာရွှေအိမ်** တည်ရာသည်၊ **'ဗောဓိပင်မှ အနောက်မြောက်'** ဟူသော စကားကို –

'စတုတ္ထေပန သတ္တာဟေ ဗောဓိတော ပစ္ဆိမုတ္တရဒိသာဘာဂေ

ဒေဝတာရတနဃရံ မာပယိံသု' ဟူသော အဋ္ဌကထာကြီးသုံးစောင် ကိုမှီ၍ ဆိုသည်။

'ဖောဓိပင်မှ အတောင်လေးဆယ်ကွာ' ဟူသော စကားကို –

'ဇဝံ ဗောဓိသမီပေ ယေဝစတ္တာရိသတ္တာဟာနိ ဝီတိနာမေသိ' ဟူသော အဋ္ဌကထာကြီးလေးစောင်။ ။ 'တတော ပစ္ဆိမဒိသာဘာဂေ ဒေဝတာ ရတနဃရံ မာပယိံသု' ဟူသော –

မဟာ အဋ္ဌကထာ ၌၊ တတော၏အရကို အနိမိသ၏အကြား စင်္ကမန္တာနကိုစွဲ၍ အနုမာနအာဖြင့် လည်းကောင်း မှတ်ပုံကို မှီ၍လည်းကောင်း ဆိုပေသည်။

ဗောဓိဝိဘာဝနီ၌ 'နှစ်ဆဲ့သုံးလံခြားသည်'၊ ဗောဓိဝင်၌ 'အလံ လေးဆယ်ခြားသည်'၊ မှတ်ပုံ၌ 'သုံးဆယ်ခြားသည်' ဟု ဆို၏။ အဘိဓမ္မာပိဋကကို သုံးသပ်ဆင်ခြင်သည်ဟု အဋ္ဌကထာအစောင်စောင် ရှိလျက်၊

'ဝိနည်းသုတ္တန်တို့ကိုလည်း သုံးသပ်၏' ဟူသော စကားကို–

'ဝိသေသတော စေတ္ထအဘိဓမ္မ ပိဋကံ ဝိစိနန္တော သတ္တာဟံ ဝီတိ နာမေသိ'။ ။ ဟူသော ၊ မဟာဝါအဋ္ဌကထာ၏ သိဒ္ဓေယျ သိဒ္ဓိ ကို လည်းကောင်း၊

'နကေဝလံ အဘိဓမ္မမေဝ ဝိနယသုတ္တန္တာနိပိ သမ္မသိ'။ ။ ဟူ သော သုမင်္ဂလ ဝိလာသိနီဋီကာသစ် ကိုလည်းကောင်း မှီ၍ဆို သည်။

အဇပါလ ညောင်ပင်သည်၊ ဗောဓိပင်မှအရှေ့ ဟူသော စကား ကို –

'ဗောဓိတော ပုရတ္ထိမ ဒိသာဘာဂေ ဧသေရက္ကော အဟောသိ' ဟူသော၊ **ဝိနည်း အဋ္ဌကထာကိုမှီ၍ဆိုသည်။ ကြွင်းသော အဋ္ဌကထာ သုံးကျမ်း၌** အရပ်ညွှန်းမရှိ။ **'သုံးဆယ့်နှစ်လံကျွာ'** ဟူသော စကားကို **ဗောဓိဝိဘာဝနီ** စသော စာငယ်စောင်စောင် ညီကြ၍ဆိုသည်။

**မုစလိန္ဒဋ္ဌာန** သည်၊ **ဗောဓိပင်မှ အရှေ့တောင်** ဟူသော စကားကို –

'မုစလိန္ဒ မူလာတိ မဟာဗောဓိတော ပါစိနကောဏေဋ္ဌိတာ မုစလိန္ဒမူလာ'။ ။ ဟူသော **မဟာဝါ** ကိုမှီ၍ဆိုသည်။

**'ငါးဆဲ့တလံကျွာ'** ဟူသော စကားကို၊ **ဗောဓိဝိဘာဝနီ** ကိုမှီ၍ ဆိုသည်။ **သမိုင်းစာငယ်များမှာ 'နွားလား ဥသဘတတွန်' ကွာ**ဟူ၍ လည်းကောင်း၊ **'သုံးဆဲ့ငါးလံကျွာ'** ဟူ၍လည်းကောင်း၊ **'နှစ်ဆဲ့သုံးလံကျွာ'** ဟူ၍လည်းကောင်း ဆိုကြသည်။

**ရာဇာယတန** အရပ်ညွှန်းကို **မဟာဝါအဋ္ဌကထာ** ၌လာသည်။ **'အလံလေးဆယ်ကျွာ'** ဟူသော စကားကို၊ **ကျမ်းငယ်များစွာလာသည်** ကိုမှီ၍ဆိုသည်။ **အချို့သမိုင်းမှာ 'တဆဲ့ငါးလံကျွာ'၊ အချို့မှတ်ပုံမှာ 'တဆဲ့တလံကျွာ'** ဟု ရှိ၏။ ဤကား ကျမ်းများမညီကြ၍ အပွသုတတို့ အား ဥပါရမ္ဘကင်းစိမ့်သောငှါ ပြဆိုလိုက်ခြင်းဖြစ်သည်။

# မြန်မာဘုရင်များနှင့် မဟာဗောဓိစေတီတော်

(၁)ကျန်စစ်သား။ မဟာဗောဓိစေတီတော်ကြီးကို ပြုပြင်ရန် အားထုတ်တော်မူခဲ့ရာ မအောင်မြင်ပေ။ (Gaya And Buddha Gaya, P. 58)

(၂)သီရိဓမ္မရာဇဂုဏ။ ရခိုင်ကျောက်စာ၌ပါရှိသော မြန်မာရဟန်းတော် တစ်ပါးဖြစ်သည်။

(၃)ထေရ–ကဿပ။ အထက်ဆရာတော်၏ အန္တေဝါသိကတပည့် ဖြစ်သည်။

(၄)လက်ယာမင်းနန်။ ကျန်စစ်သား၏ နန်းအမွေကိုဆက်ခံသော အလောင်းစည်သူမင်း၏ အမိန့်အရ ၎င်း၏ အဆွေတော် ရခိုင်မင်း လက်ယာမင်းနန်(မင်းလက်ယာ) သည် စေတီတော်ကြီးနှင့်တကွ အဆောက်အဦးများစွာကို မွမ်းမံပြင်ဆင်ကာ၊ ကျောက်စာ ရေးထိုးစေခဲ့သည်။

(၅)ပြူသခင် ရထ ဝရဒဿိ။ "ပြူသခင်" ကား နယ်စားမင်းသား၊ "ရထ" ကား အမတ်ကြီး၊ "ဝရဒဿိ" ကား မင်းဆရာဘုန်းကြီး၊ ဤသူတို့သည် မြန်မာသက္ကရာဇ် ၄၆၇ ခုနှစ်၌ မင်းလက်ယာ၏ အမိန့်အရ ရခိုင်ပြည်မှ ပထမလာရောက် ပြုပြင်ခဲ့သူများဖြစ်သည်။

(၆) ငပေတုနှင့်ငကွေး။ ဆင်ဖြူသခင်၏ကိုယ်စား လာရောက်လှူဒါန်းပြီး ကျောက်စာရေးထိုးခဲ့သည်။

(၇) ဘိုးတော်ဘုရား။ မဟာဗောဓိ စေတီတော်ကြီးသို့ မှူးမတ်ကိုယ်စားလှယ်တစ်စုကို စေလွှတ်ဖူးသည်ဆိုသည်။

(၈) ဘကြီးတော်ဘုရား။ မဟာဓေယျသင်္ကြံအမတ်ကို စေလွှတ်၍ လှူဒါန်း ကျောက်စာရေးထိုးစေသည်။

(၉) ဂေါပပါလနှင့် ဓမ္မသီဟ။ ဘင်္ဂါလီ ပန်းရံဆရာ ၂ ယောက် မင်းတုန်းမင်းဘုရင်လက်ထက် မဟာဗောဓိ စေတီတော်ကြီးကို ပြုပြင်စဉ် ပါလာကြသည်။ (ဘင်္ဂါပြည် လက်ဖတင်နင်ဂေါဝါနာ–အီဒင် လက်ထက်ဖြစ်သည်။)

(၁၀) မင်းတုန်းဘုရင်။ ခရစ် ၁၈၇၆ ခုနှစ်၊ ကိုယ်စားလှယ် ၄ ဦးလွှတ်၍ ၎င်းကိုယ်စားလှယ်များသည် ခရစ် ၁၈၇၇ ခုနှစ် ဇန်နဝါရီလ၌ မဟာဗောဓိသို့ ရောက်လျှင်ရောက်ခြင်း မဟန့်ထံမှ 'စိုင်ရှင်' တောင်းလျက် မဟာဗောဓိစေတီတော်ကြီးနှင့် မဟာရုံတံတိုင်း စသည်တို့ကို ပြုပြင်ကြရာ စည်းစံနစ်မကျသဖြင့် ဗြိတိသျှအစိုးရက ပိတ်ပင်တားမြစ်ခဲ့သည်။ နောက်မှ အမိန့်ရ၍ "ဂျင်နရယ် ကန်နင်ဂဟမ်" တို့နှင့်အတူ ခရစ် ၁၈၈၀ ခုနှစ်တွင် ဆက်၍တည်ဆောက်ကြရာ ခရစ် ၁၈၈၄

ခုနှစ်တွင် ပြီးစီးသဖြင့် ယနေ့ ခရစ် ၂၀၀၀ ပြည့်နှစ်တွင် ဖူးတွေ့ရသော အခြေအနေသို့ ရောက်လာသည်။ မင်းတုန်းမင်း၏ လှူဖွယ် အဖိုးတန်ကျောက်မျက် ရတနာများသိထား သော ပဒေသာပင်များ ပန်းခိုင်များကို 'မဟာန့်' အားအပ်၍ ကျောက်စာရေးထိုးခဲ့သည်။ အုတ် တိုက် ဘဏ္ဍာအိမ်တစ်ဆောင်လည်း ဆောက် လုပ်သည်။

(၁၁) သီပေါမင်း။ မြန်မာသက္ကရာဇ် ၁၂၄၂ ခုနှစ်၌ အမတ်များ စေလွှတ်၍ (၅၀၀၀) ကျပ်တန် အုတ်တိုက် ကျောင်းတစ်ဆောင် ဆောက်လုပ်စေသည်။ မဟာန့်အား ကွမ်းဘိုးငွေ ၁၀၀၀ ကျပ် ပေးလှူ သည်။

## သက္ကရာဇ် ၄၆၈ ခုနှစ်ရေး ရခိုင်ဘုရင်ကျောက်စာ

ဘုရားသခင် သာသနာ ၂၁၈ လွန်လေပြီးသောအခါ၌ စမ္ဗူဒိပ် ကျွန်းကို အစိုးရသော သီရိဓမ္မာသောက မည်သောမင်းကြီး စေတီ ရှစ် သောင်းလေးထောင် အနက်၌ ဆွမ်းတော်ဘုန်းပေးရာ 'ပါယာသဘက်' ကို အခါလေးမြင့်ပျက်၍ ပြင်သော 'သခင်ပင့်သကူကြီး' တစ်ယောက် ထိုပြီးတစ်ချက် ပျက်ခဲ့ရကား 'သတိုးမင်း' ပြု၏။ ထိုပြီးတစ်ချက် ပျက်ခဲ့

တံုရကား 'ဆင်ဖြူသခင်တရားမင်းကြီး' မိမိကိုယ်စားဆရာ 'သီရိဓမ္မရာဇာဂုရု' ကို စေတော်မူလတ်သောအခါ၌ ပါလတ်သော တပည့်သား "သီရိကဿပ" သည် လုပ်အံ့သည် ဥစ္စာရှိလျက် မလုပ်ရတတ်ရကား "ဝရဒဿီသခင်ထေရ်" ကို ခံဝန်ခံစေရကား 'ပြူတသိန်းမင်း' ကူ၍ လုပ်စေက 'ပြူသခင်ငယ်' ကို အမတ်ကြီး "ရထ" ကို အခွင့်ပြုရကား သက္ကရာဇ် ၄၆၇ ခု၊ ပြာသိုလဆန်း ၁၀ ရက်၊ ၆ နေ့ပြုကုန်၏။

သက္ကရာဇ် ၄၆၈၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့ လှုပသော တံခွန်ကုက္ကား တံခွန်များကိုလည်း ပူဇော်၏။ သင်ပုတ်တော် ဆီမီးထောင်ကို အကြိမ်များစွာလျှင် ပူဇော်၏။ သား သမီးဟုမှတ်၍ သူငယ် ၂၁ ယောက်နှင့်ပန်၍ ပန်းခွက်၊ ပုဆိုးဆွဲသော ပဒေသာလည်း ပူဇော်၏။ အခါခပ်သိမ်းလျှင် 'သင်ဗုတ်ဝတ်' မပြတ်တည်စိမ့်သော အကြောင်းကို အကျွန်ုပ်တို့ကို လေးဝယ်၍လှူခဲ့၏။ ဤပြုသော ကောင်းမှုကား နိဗ္ဗာန်ပစ္စည်း အထောက်အပင့် ဖြစ်ချင်သတည်း 'အရိမတေးဘုရားသခင်' လက်ထက်လျှင် 'ရဟန္တာဆု' လိုသတည်း။

## ရှင်းလင်းချက်

'ပင့်သကူကြီး' ဟူသောပုဒ်ကား ရှေးအခါက 'ပင့်သကူသင်္ကန်းကို အမြဲဆောင်တော်မူသော ရဟန်းတော်' တို့အား 'ပင့်သကူကြီး' 'ပင့်သကူငယ်' ဟု ခေါ်ရိုး ထုံးစံရှိကြောင်းကို သာသနာလင်္ကာရ စာတမ်းတွင် တွေ့ဘူးသည်။ 'နရပတိစည်သူမင်း' လက်ထက် 'ငစွယ်ရှင် ပင့်

သကျကြီး' ဟူ၍ရှိကြောင်းနှင့် 'ငစွယ်ရှင် ပင့်သကျကြီး' 'ပေါင်လောင် ရှင်ကဿပ' 'ရှင်သုမေဓာ' တို့အား၊ ထိုမင်းလက်တော်၌ 'ရဟန္တာ' ဟူ၍ ပင် လူတို့သမုတ်ကြကြောင်း ပါရှိသည်ကို ထောက်ဆသိရှိနိုင်ရာသည်။

ဤကျောက်စာကို အစပထမ "ဂျိန်းပရိန်ဆက်(ပ)" မည်သော ကျောက်စာဝန် ပညာရှိကတွေ့ရှိ၍ ပညာရှိ "ရတနပါလ" က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး ဂျာနယ်၌တည့်သွင်းဘူးသည်။ ထို နောက် 'ကာနယ် ဘာနီကန်နင်ဂဟာမ်'၊ 'ဆာ-အာသာဖေယာ' နှင့် 'မင်းကြီးဦးလှအောင်' တို့ အင်္ဂလိပ်ဘာသာ ပြန်ဆိုဘူးကြသည်။

"ပါယာသဘတ်" ကို ဘုန်းပေးရာ ဆိုသည်ကား သုဇာတာ ဃဏာနို့ဆွမ်းကို ဘုန်းပေးပြီးနောက် ဘုရားအဖြစ်သို့ ရောက်တော်မူရာ "မဟာဗောဓိ စေတီတော်ကြီး" ကို ဆိုလိုသည်။ ထို စေတီတော် ပျက်စီး သောကြောင့် ပထမပြင်ဆင်ခဲ့သူမှာ 'သခင် ပင့်သကျကြီး' ထို့နောက် 'သတိုးမင်း' ထို့နောက် 'ဆင်ဖြူသခင်' တရားမင်းကြီး မိမိ၏ ကိုယ်စား တော်အဖြစ်ဖြင့် "သီရိဓမ္မရာဇဂုရု" ဆရာတော်အား စေလွှတ်လေရာ အတူပါလာသော တပည့် "သီရိကဿပ" သည် ပြင်ဆင်ရန် ဝတ္ထု ငွေးငွေ အပြည့်အစုံရှိပါလျက် ပြုပြင်ခြင်းကိစ္စကို ဆောင်ရွက်ရန် မစွမ်း နိုင်လေရကား "ဝရဒဿီသခင်ထေရ်" ကို လွှဲအပ်လေသည်။

"ဝရဒဿီ မထေရ်ကြီး" က ပြူတသိန်းမင်း "မင်းလကျာ" ထံမှ အကူအညီတောင်းလေရာ ထိုမင်းက "ပြူသခင်ငယ်" ခေါ် အိမ်ရှေ့ မင်းနှင့် အမတ်ကြီး "ရထ" တို့ကို တာဝန်လွှဲအပ် စေလွှတ်တော် မူလိုက်သည့်အတိုင်း ဤပုဂ္ဂိုလ် ၂ ပါးပင် ဦးစီးခေါင်းဆောင်ပြုလျက်

သက္ကရာဇ် ၄၆၇ ခု၊ ပြာသိုလ်ဆန်း ၁၀ ရက်၊ သောကြာနေ့မှအစပြု၍ သက္ကရာဇ် ၄၆၈ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့တိုင်အောင် ပြုပြင်မွမ်းမံခြင်းကိစ္စ လုံးဝပြည့်စုံအောင် ဆောင်ရွက်ပေးခဲ့ကြသည်။

## ပျောက်သွားသော ဆင်ဖြူသခင် ကျောက်စာ

ကောဇာသက္ကရာဇ် ၁၁၇၀ ပြည့်နှစ်၌ ပရောဟိတ်ပုဏ္ဏား ဝါသိဋ္ဌ ဗြဟ္မာ၊ ရမ္မာဝတီမြို့ဝန် ရွှေတောင်သာဂသူ၊ ဇေယကျော်သူ၊ ဇေယကျော်ထင်၊ ဇေယကျော်စွာတို့ကို ကြီးမှူးစေလျက်၊ မဟာဗောဓိသို့ စေလွှတ်ပူဇော်စေ၍ ခရီးစဉ်နှင့်တကွ ဗောဓိပင်မင်း၏ အကိုင်းအခက်တို့ကိုပါ တိုင်းထွာမှတ်သား ယူလာစေသည်ဟု ရေးထိုးထားသော ကျောက်စာကို ဗောဓိပင်အောက်ရှိ "မဟာဒေဝ" နှင့် "ပရဗတီ" နတ်လင်မယားစုံတွဲ ရုပ်ထု၏ ပလ္လင်ခုံအောက်၌ ရေးထိုးထား၏။

နတ်လင်မယား စုံတွဲရုပ်တုနှင့် ကမ္ပည်းစာပါ ထိုနေရာမှ ပျောက်ကွယ်သွားပြီဖြစ်၏။ သို့ငြားလည်း "ဂျင်နရယ် ကန်နင်ဂဟာမ်" က၊ ၎င်း ကမ္ပည်းကျောက်စာကို ကူးယူထားပြီးဖြစ်၏။ ဆင်ဖြူသခင်၊ ဗောဓိပင်သို့ စေလွှတ်ရာတွင်ပါဝင်သော ၎င်းပေတူနှင့် ၎င်းကွေးတို့၏ ကျောက်စာမှာ –

## ငပေတူနှင့် ငကွေး ကျောက်စာ

စာကြောင်းရေ (၁)ကောဇာသက္ကရာဇ် ၁၇၁ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့၊
(၂)အသက်သခင် ဆဒ္ဒါန်ဆင်မင်းသခင်သည် မင်းတို့နှင့်သာ ထိုက်တန်သော အလှူတော်၊
(၃)တို့ကို လှူဒါန်းပူဇော်ခဲ့သည်။ နတ် လူသာစုခေါ်စေသောဝ်၊
(၄)လာရောက်သူတို့ကား ငပေတူနှင့် ငကွေးတို့ဖြစ်သည်။

ကျောက်စာဝန် ဂျင်နရယ် ကန်နင်ဂဟာမ်က ငပေတူနှင့် ငကွေးတို့သည် မှူကြီး မတ်ကြီး ဟုတ်မည်မထင်။ နောက်တော်ပါ သို့မဟုတ် ကျောက်စာရေးထုသူများ ဖြစ်တန်ရာ၏ဟု မှတ်ချက်ပြုသည်။

## ဘကြီးတော်ဘုရားကျောက်စာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သချာလေးသိန်း၊ သိန်းကမ္ဘာမှ၊ တရိဝဋ္ဋ၊ သံသာရန္တိက်၊ ဒါန စသော ပါရမီအပြား၊ တရားအပေါင်းတို့၏၊ ထွတ်ထိပ်ရွှေမှော်၊ ဥကိုင်ဆော်သော၊ ဂေါတမမည်ထင်၊ သုံးလုချစ်သျှင် ဘုရားရှင်သည်၊

သာရမဏ္ဍကမ္ဘာ၊ လွန်လေခါန္တိက်၊ ဒီပင်္ကရာ၊ ဝိရိယာဓိက၊ ဘုန်း

ကျိုးပြလျက်၊ နိယတဗျာဒိတ်၊ ဘိသိက်ထားတင်၊ ပန်ဆင်တော်မူသည် မှစ၍၊ ဗုဒ္ဓါညညာ၊ ဖော်ပြငါးရပ်၊ ဆဲ့တကပ်ထက်၊ ကေဏ္ဍာညကဿပ၊ အစအဆုံး၊ နှစ်ကျိပ်သုံးထိ၊ ဦးလုံးထိပ်ထက်၊ ရွှေခွန်းတော်မြွတ်၊ ဆင့်ကဲ ရွတ်ပြီး၊ မဟာဗောဓိမဏ္ဍိုင်အောက်၊ အန်အပ်သောကိလေသာရှိရကား၊ သစ္စာလေးပါး၊ တရားမုံရင့်၊ ပွင့်တော်မူလတ်သည်ရှိသော်၊

သီလသမ္မာဓိ၊ ပညာဘိညည်၊ ငါးမည်နက်ကိ၊ ဝိမုတ္တိ မဟာ ကရုဏာဟူသော အမြစ်၊ အပင်၊ ခက်ရှင်၊ ဘူးပွင့်၊ မှည့်ရင့်ခိုင်ဖြိုး၊ အမြိုက်သီးတို့ဖြင့်၊ သတ္တဝါသာဂရ–ဝေနေယတို့အား၊ တရားမြိုက်ဆေး၊ တိုက်ကျွေးတော်မူလျက်၊ ပင်ကြီးညွန့်တုံ၊ ချမ်းရိပ်မြုံနိုက်၊ ခိုလှုံကိန်းကြ၊ ကျွတ်ပွဲမျှသတည်း။

ဘုရားကိုယ်ထင်၊ မမြင်ရလိုက်၊ မကျွတ်ထိုက်သော၊ အကြိုက်ထို ခါ၊ သတ္တဝါတို့အား၊ နောက်တော်စည်လာ၊ သာသနာနှိုက်၊ ဖိုလ်မဂ် ကင်းဝေး၊ လိုက်ကုန်သေးဟု၊ စ–လယ်–ဆုမ်းဖျား၊ သုံးပါးဒေသနာ၊ တွေးတော်သာဖြင့်၊ ကရုဏာရွှင်ပြုံး၊ ဘဝဂ်ဆုံးအောင်၊ မိုးလုံးသံတင်၊ စိုက်ခဲ့ကျင်တည်း။

ရွှေခွန်းတော်မြွတ်၊ မှာတော်ချက်နှင့်၊ စည်ဆက်စပ်ကာ၊ သရေ ခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စကိုင်း၊ ပင်းယ၊ ရတနာပူရ၊ ရတနာသိင်္ဃ၊ အမရပူရ၊ ပြည်မရွှေတောင်၊ တိုင်အောင်တလျှော်၊ တော်သည်မီးကဲ့သို့ ဖြစ်၍၊ သုနာပရန္တ၊ တိုင်းမထိပ်ဦး၊ ထုံခဲ့ဘူးသော၊ ဒန့်စကူးကျောင်းနှံ့၊ ပျံ့လတ်ရကား၊ နမ္မဒါမြစ်ထိပ်၊ နှစ်ထပ်နိုပ်လျက်၊ စက်ရိပ်ခပ်တပ်၊ ရှင် တော်ကွပ်၍၊ ရတနာသုံးဦး၊ ပွားလူရာရိုက်၊ ဇမ္ဗူဒီပါသောင်းတိုက်၊ ချီး

မွမ်းထိုက်သော၊ ဤပြည်ကြီး၌။

ကုန်းဘောင်နဂရ၊ ဇေယဘုမ္မိ၊ အောင်ဇာတိဘက်၊ တြိဘဝန၊ နေနတ်နာထ၊ အာဒိကဖြစ်၍၊ မြေနှိုက်ဘဝါး၊ နင်းသွားကွဲလိုင်း၊ ဟတိုင်းဝိုးဝင်း၊ ခံတွင်းအာစက်၊ မောင်းလက်ဝရဇိန်၊ မီးရှူးထိန်သော၊ ဘေးတော်မင်းတြားကြီး၏၊ ရွှေနန်းနွယ်နတ်၊ မြစ်တော်မြတ်တမူလည်း ဖြစ်တော်မူထသော၊ ကုသဝတီပြည်၊ မဟာသုဒဿန၊ ဘေးလောင်းလှခဲ့သို့၊ ဥပေက္ခာညာဏ်၊ မေတ္တာစျာန်ဖြင့်၊ ပြန့်ပြန့်ပွားမှု၊ တရားရှုသော၊ ဆန္ဒန်ဆင်မင်းသခင်၊ 'သီရိပဝရတိလောကပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ' မည်တော်ရှိသော အမရပူရ ရွှေမြို့တော်တည် ဘိုးတော်မင်းတရားကြီး၏ မြေးတော် စက္ကရတ်ဗြဟ္မဒတ် တမူလည်းဖြစ်ထသော။

သမုဒ္ဒရာကမ်းထိပ်၊ ဆိပ်နှင့်တကွ၊ မြို့မနိုင်ငံ၊ ခရိုင်ရံသော၊ ဓည ဝတီ၊ ရခိုင်ပြည်ကြီးကို၊ ရွှေလက်တော်ဆန့်၊ ပန်းနွယ်တပွင့်၊ လှမ်းဆွတ်လင့်၍၊ မဟာမုနိတြိနာထ ရုပ်ရှင်တော်မြတ်၊ သိဒ္ဓိဓာတ်ကို၊ အမပူရ ရွှေမြေ၊ ရောက်တတ်စေသော၊ ကြမ်းတတ်ယောကျ်ား၊ တန်ခိုးအားဖြင့်၊ သီရိမဟာဓမ္မာဘိဇယ သီဟသူရ၊ မည်တော်ရှိသော၊ ခမည်းတော်မြတ်စစ်၊ မယ်တော်ချစ်တို့၏ ရွှေရင်နှစ်မြတ်၊ မဏိဇောတရုပ်၊ မနောနတ်တမူလည်း ဖြစ်ထသော၊ သီရိပဝရ သုဓမ္မမဟာရာဇာဓိရာဇာ၊ မည်တော်ရှိသော၊ တရားမင်းမြတ်သည်။

ကောဇာသက္ကရာဇ် ၁၁၈၁ ခု၊ နယုန်လဆန်း ၃ ရက်၊ စနေနေ့အခါ၊ စကြာရတနာရောက်ခါ၊ ရှေးရှေးစကြာဝဒေးမင်းဖြစ်၊ နန္ဒရစ်တို့ကဲ့သို့၊ ပြည်ပပြည်တွင်း၊ လုံးရင်းဗိုလ်ပြု၊ ပဒုမဗြူဟာ၊ ချာချာပတ်မျှ၊ မိုဃ်းမြေ

ရုတ်ရုတ်၊ အုတ်အုတ်ကျက်ကျက်တပြိုင်နက်၊ ကောင်းကြီးမင်္ဂလာ၊ ကြော်ငြာစေလျက်၊ ပြည်လုံးကြက်သရေ၊ မြေတဝင်းပတ်၊ နန်းလုံးနတ်ဖြစ်သော၊ တောင်မိဘုရားခေါင်ကြီးနှင့်တကွ၊ မနောဇမ္ဗူ တက်တော်မူသတည်း။

ရွှေတောင်တက်ပြီး၊ ကြံကြီးဝိရိယ၊ ဥဿာဟဖြင့်၊ ယထာနုလောမ၊ ယထာပရာဓ၊ ယထာဓမ္မ သာသနာတော်နှိုက်၊ တုံလှုပ်ခြင်းမရှိသော၊ အစစ သဒ္ဓါဖြင့်၊ သာရိရိက၊ ပရိဘောဂ၊ ဥဒ္ဒိဿက၊ စည်းခုံ၊ ကူထွတ်၊ ပြဿဒ်၊ တံဆောင်း–ကျောင်း စသော ပရိကမ္မအပေါင်းတို့ဖြင့်၊ ခြီးမြှင့်အပ်သော ပါရမီတော်ကား၊ သမုဒ္ဒရာတက်စုန့်၊ သဲမှုန့်သောမျှ၊ ပမာဏလျှင်ဖြစ်သတည်း။

ထိုအခါ မိစ္ဆာမတိုက်၊ ဝိစ္ဆိတိုင်း ဝေသာလီပြည်၊ လိစ္ဆဝီမင်းတို့အရိုက်မပျက်၊ နန်းညွန့်တက်ဖြစ်သော၊ စန္ဒရဂန္ဓသျှိန်၊ ဇော်ရဟိန်စသောမင်းတို့မှလည်း၊ နတ်မမိမ့်အော်၊ သုံးယောက်ဟီရိ၊ မျိုးဘုန်းရှိတို့၊ ရှိခိုးညွတ်ခ၊ ဆက်သစေခြင်း၊ တလွှားကုန်အောင်၊ ပြည်ထောင်ထီးဆောင်မင်းအပေါင်းတို့၊ ပျတ်ဝတ်ညွတ်ကိုင်း၊ ရှိုင်းရာဖြစ်ခြင်း၊ ဓညပုည၊ ..ဂုဏ်ကြဒ္ဓိ၊ ရဲရဲညီသောအားဖြင့်၊ ဖျော်ဆိပ်သောက်ကြာ၊ ကြယ်တကာတို့အလယ်၊ လမင်းပြည့်ဝန်း၊ ထွန်းတော်ပ၍သို့ ဖြစ်သတည်း။

ဘုန်းတော်ကြီးမြတ်၊ တို့စောထွတ်ကား၊ မိုးနတ်မလွန်၊ဧရာဝဏ်သို့၊ စွယ်ချွန်မင်္ဂလာ၊ ဆင်စကြာကို၊ ဘယ်ညာလက်ရိုန်၊ ဝိုးဝင်းထိန်မျှ၊ ဝရဇိန်ဝန်းရစ်၊ ရွှေချွန်းလှစ်လျက်၊ ငယ်ရွယ်တော်ဖြစ်၊ ဥပရာဇ်ဘုံးထူး၊ နန်းညွန့်ဦးက၊ ကျေးဇူးလက်မွန်၊ လွန်လေသော်ကား၊ မနောပုဗ္ဗင်မာ

ဓမ္မာ၊ မနောသေဋ္ဌာ၊ မနောမယာ၊ မနသာစေပသန္နေန၊ ရွှေခွန်းဟာသည်ကား။

ဒါန်ဒတွာ၊ သီလံသမာဒိယိတွာ၊ ဥပေါသထကမ္မံကတွာ၊ စကြာရတနာ၊ ရောက်ထိုက်ရာသော အရိုးတရား၊ ဤသို့အာဒိ၊ ကျမ်းပါဋ္ဌိနိုက်၊ ရွှေနှုတ်လုံးတော်သိ၊ နည်းနာမိသောအားဖြင့်၊ နောင် ငါမင်းဖြစ်တော်မူသောအခါ၊ ဘုရားပွင့်ရာ မဟာဗောဓိမဏ္ဍိုင်အား၊ ချီးမြှင့်တော်မူမည်၊ မနောပဏီဓိ ရှိတော်မူလင့်ဦးယကား။

ဗာရာဏသီ ဝေသာလီစသော၊ အနောက်မျက်နှာ၊ မြောက်မျက်နှာတလွှား၊ ပုဏ္ဏားဇော်ဂျီ၊ ဒေသန္တရီ၊ ဗေရာဂီတို့အား၊ စူးစားဖွေနည်းတော်မူလျှင်၊ မျက်မြင်ဧကန်၊ မှန်သောအားဖြင့်၊ မိဇ္ဈိမတိုက်၊ မဂဓရောဇ်တိုင်း၊ ဂယာသီသအရပ်၊ နေရဉ္ဇရာမြစ်အနီး၊ (၁၈)မင်းပယ်စာ၊ မြေမျက်နှာထက်၊ ရှေးပေါ်နှောင်းပျက်၊ ဘွားဘက်တော်စစ်၊ မဟာပထဝီ၊ မြေဆီကောင်းနှစ်၊ အမွန်ဖြစ်သော၊ မင်္ဂလာဥကင်၊ သမိုက်ပြင်ထက်၊ အမြင့်အတောင်တရာ၊ အဝန်းထက်ဝက်၊ ခက်မပင်စည်၊ တည်သောအားဖြင့်၊ အရပ်ထက်ဝန်းခြင်၊ သစ်ပင်နွယ်မျက်၊ လက်ယာရစ်ရှေ့ရှူ၊ မျက်နှာမူလျက်။

ဝဇီရာသနပလ္လင်၊ တကဲပြင်ကဲ့သို့ဖြစ်၍၊ အလုံးစုံသော သဗ္ဗညုတဘုရားတို့ တိမ်မှောင်မိစ္ဆာ၊ ကိလေသာအပေါင်းကို၊ အရဟတ္တမဂ်ညာဏ်တော်ဖြင့်၊ ပါယ်ဖျက်အောင်မြင်တော်မူရာ၊ မဟာဗုဒ္ဓဟော စေတီမြတ်အား၊ ဘေးလောင်းတော် သီရိဓမ္မာသောက၊ ဒေဝါနံပိယတိဿ၊ ကလိင်္ဂစကြာဝတေးမင်းတို့ကဲ့သို့၊ အလွန်ကြည်ညိုစွာသော ရွှေနှုတ်လုံး

တော်ဖြင့်၊ ခြီးမြှင့်ပူဇော်လိုရကား၊ ရွှေ ငွေ ပတ္တမြား၊ သုံးပါးချယ်ပျစ်၊ နှစ်တလျက်သောမီး၊ တံခွန်၊ တန်ဆောင်၊ မြူတာ၊ ပန်းကုံး၊ ပန်းခိုင်၊ ပေါက်ပေါက်စသော ဒေယမမ္မဒါတဗ္ဗဝတ္ထုအပေါင်းကို၊ ပရိကံလှူခြေ၊ ပြည့်စုံစေဦး၍၊ ရွှေနန်းနွယ်လာ၊ မင်းတကာတို့၊ မခြီဦရဲ၊ မတူမြဲသော၊ ပုညာဘိခေ၊ ပြုအပ်သောတံခွန်ရှိရကား။

ဖြူသောအရေး၊ ကြော့သွေးဖွဲ့ရစ်၊ နနွင်းနှစ်သွေး၊ ရွှေရေးငွေရေး၊ ပိုးပရုံသွေး၊ စွေးစွေးနီရောင်၊ ကြာညိုတောင်အားဖြင့်၊ တရာငါးဆယ်၊ ချော့သွယ်ကြိုးရစ်နွယ်သော ပတ္တမြားရှင်မျက်စိ၊ ဘဝါးခြေလက်၊ ခြိတ်စက်ပကတိ၊ ထွေးထွေးညိ၍၊ ကိုယ်လုံးဖြူလျက်၊ လက္ခဏာပုံညီ၊ ကွေးကွေးချီသော၊ သီရိစန္ဒရ၊ လပြည့်နေ့ည၊ လ၏အခါ၊ ကုမုဒ္ဒရာကြာဖြူ သင်းခွေးပန်း အဆင်းရှိသော၊ နိဗ္ဗန္ဓပစ္စယ၊ နာဂရာဇ်ဆဒ္ဒန်၊ ရတနာစကြာ ဆင်မင်း၊ တမွတ်ခင်းလျက်၊ 'သီရိပဝရမဟာရာဇိန္ဒာ ရတနာဒေဝီ' မည် တော်ရှိသော တောင်မိဘုရားခေါင်ကြီးနှင့်တကွ။

ဘုရားသခင် သာသနာတော် ၂၃၅၆ နှစ်ရောက်ပြီး၊ ကောဇာ သက္ကရာဇ် ၁၁၈၃ ခု၊ သရဝဏ်နှစ်၊ ကျတ္တိကာလ၊ သရဒအခါ၊ မဟာ ဗောဓိမဏ္ဍိုင်နိုက်၊ ပွင့်တော်မူသော၊ ဘုရားမြတ်စွာကို၊ ရည်မှတ်တော်မူ၍၊ အနုမောဒနာ၊ ကြော်ငြာသံတို့ဖြင့်၊ အဟုန်မစဲ၊ လှူပွဲသဘင်၊ ရင်တော်မူ သည်။

အဆုံးစွန်သော၊ ကိုယ်တော်အဖြစ်နိုက်၊ သမ္မာသမ္ဗုဒ္ဓ၊ ဆုကြီးရ၍၊ ဝေနေယတို့အား၊ ဟောကြားကယ်ချွတ်နိုင်သော၊ ဘဝများစွာသံသရာ လည်း၊ ပါရမီဆယ်ပါး၊ တရားအထွတ်တိုင်လိုသော၊ ဆုတောင်းပတ္တနာ

တော်နှင့်တကွ၊ မယ်တော်ခမည်းတော်၊ ဘိုးတော်၊ ဘွားတော်၊ ဆောင်တော်မင်းတရားတို့အားလည်း၊ အမျှဝေတော်မူသည်။

မဟာပထဝီ၊ ဤမြေကြီးကား၊ ငါ၏သက်သေဖြစ်စေသောဟူ၍လည်း၊ ရွှေကရားဖြင့်၊ ရေစက်သွန်းချ၊ တိုင်တန်းတော်မူသည်။

ဤသို့ဖြင့် မြင်းမိုရ်ဂိရိ၊ ရဝိ သသိ၊ မိုးလုံးညီ၏သို့၊ ကပ်လုံးကမ္ဘာ၊ ပြောပစရာ၊ အစွန့်ရှည်စွာ၊ တည်ရာဖြစ်သော၊ အမရပူရရွှေနန်းတော်မ၊ 'မဟာရာဇိန္ဒအဂ္ဂမဟာဓမ္မရာဇဂုရု' မည်သော ပုရောဟိတ်၊ မြေနန်းတော်ဝန်၊ မဟာမင်းလှဇေယျသူ ဟူသောအမတ်ကို၊ အရာမကသော၊ အချင်းအရင်တို့နှင့်တကွ၊ စေခန့်တော်မူ၍၊ မိစ္ဆိမတိုက် မဟာဗောဓိမဏ္ဍိုင် နှိုက်၊ ဤကျောက်စာသံပိုင်းကို ထိုးမှတ်စိုက်ထားစေရသတည်း။

## ကျောက်စာ သံပိုင်း

မင်္ဂလာဗဟိုရ်၊ မြလျှံညိုသား၊ မြင်းမိုရ်တပိုင်း၊ တင်းကျမ်းမှိုင်းလျက်၊ မြန်တိုင်းဇမ္ဗူ၊ လက်ယာငူဝယ်၊ ပြောင်ဖြူပစ္စယ၊ ရဲ့နာဂနှင့်၊ အမရနန်းမြင့်၊ ဖြူဝန်းဖွင့်သည်၊ ဆင်မင်းသခင်၊ ဆဒ္ဒန်ရှင်လျှင်၊ အောင်မြင်ဝှန်သည်း၊ ငါးမန်လှည်းသား၊ ဥဒည်ချက်ချာ၊ မြေမျက်နှာထက်၊ ဝဇ္ဇရာသန၊ နန်းမဦးကင်၊ သမိုက်ပြင်ထက်၊ ပလ္လင်ဘုံရွှေ၊ ဗုဒ္ဓဟောကို၊ ရွှေငွေပတ္တမြား၊ သုံးပါးခြယ်နှစ်၊ ပြောင်ပြောင်ရစ်သား၊ အိုးပျစ်မြူတာ၊ ရတနာတန်းဆောင်၊ ပန်းတောင်ပေါက်ပေါက်၊ လွှင့်အော်မိုးစွန်၊ ထီးတံခွန်ဖြင့်၊

သရဝဏ်နှစ်၊ သက္ကရာဇ်ကောဇ၊ ထောင်ရာဖွဲ့ကျမ်း၊ ရှစ်ဆယ့်သုံးတွင်း၊ မိုးဆုံးဆောင်စ၊ သရဒဝယ်၊ မဂဓတိုင်းခြေ၊ ဗိုလ်ယုံစေ၍၊ ဖြစ်ထွေကြောင်းလျား၊ လှူတော်များကို၊ မွန်ကြားမင်္ဂလာ၊ မော်ကွမ်းစာဖြင့်၊ မဟာသင်္ခယာ၊ မဟာသီရိ၊ ပါဠိနက်တွဲ၊ ရွှေဘွဲ့ ၂-ပွင့်၊ စည်သူဆင့်၍၊ ရှင်ပင့်မိန့်တော်၊ ရွှေခွန်းခေါ်သည်၊ မတ်ကျော်ကဝိ၊ မြတ်ပဏ္ဍိလျှင်၊ နှောင်ပြီးသာသနာ၊ ကမ္ဘာရေမြေ၊ တည်ထွန်းစေဟု၊ ကြက်သရေသွင်နှိုး၊ စာရင်းထိုးသည်၊ မောက်ဖြိုးရွှေစာ သံပိုင်းတည်း။

မဈိမတိုက်၊ မဟာဗောဓိမဏ္ဍိုင် သံပိုင်းတော်ကို၊ လောကလက္ခဏာ အင်္ဂါ ၆-ပါးနှင့် ပြည့်စုံသူ စောလှမြို့စား နေမျိုးသီရိရာဇသူ အမတ်ကို ခန့်အပ်တော်မူ၍၊ ဣန္ဒနီလာ မဟူရာကျောက်အပြင်နှိုက်၊ ကောင်းမွန်တင့်တယ်စွာ၊ ကောဇာသက္ကရာဇ် ၁၁၈၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် အင်္ဂါနေ့၊ ထွင်းမှတ်ရေးသားပြီးပြည့်စုံသည်၊ သကဋ္ဌဘာသာ၊ မြန်မာဘာသာ၊ လင်္ကာစကားပြေ၊ စာကြောင်းရေ-၈၅၊ ကျောက်မျက်နှာအလျား အရှည်၊ ၂-၀-၃၊ အနံ ၁-၁-၁။

## ကျောက်စာဝန် ၂ ဦး မှတ်ချက်

ခရစ် ၁၈၆၄-ခုနှစ်၊ အိန္ဒိယအစိုးရ၏ အမိန့်အရ "မေဂျာ-မီးဒ်" လာရောက်စဉ်က စေတီတော်ကြီးကို တံတိုင်းသစ်ဖြင့် ဝိုင်းရံထားသည်ကို တွေ့ရသည်။

မြန်မာဘုရင် ဘကြီးတော်၏ စေတမန် မြေနန်းဝန် "မဟာဓေယျ

သကြံ့”အမှူးရှိသော မြန်မာပန်းရံဆရာများ၏ လက်ရာဖြစ်သည်။ ရှေးရာဇဝင်နှင့် ရှေးဟောင်းအဆောက်အဦးဆိုင်ရာ ဗဟုသုတနည်းပါးလှသောကြောင့် မိမိတို့ထင်သလို တူးဖော်ပြုပြင်ခဲ့ကြသဖြင့် ရှေးရာဇဝင်၊ မဟာဝင်နှင့် တရုတ်ရဟန်းတော်များ၏ မျက်မြင်မှတ်တမ်း၌ပါသော အဆောက်အဦး အမှတ်အသားများ ပျက်စီးရွေ့လျောသွားရသည်မှာ ဝမ်းနည်းစရာပင် ဖြစ်သည်။

ကျောက်စာဘက်ဆိုင်ရာ နည်းစံနစ်ဖြင့် ရှေးဟောင်း အဆောက်အဦများ နေရာမရွေ့အောင် စုံစမ်းတူးဖော်ပြီးမှ သူ့နေရာနှင့် သူ အတည်တကျထားရှိ ပြုပြင်ပေးခဲ့မည်ဆိုက သတ္တဌာန စသော အဆောက်အဦးတို့ကို ကျကျနန သက်သေသာဓကနှင့်တကွ စိတ်ချလက်ချ ယုံယုံကြည်ကြည် ဖူးမျှော်ကြရမည်မှာ ဧကန်ဖြစ်သည်။

ဘကြီးတော်၏ ကောင်းမှုဖြစ်သော မဟာရံတံတိုင်းကို အတွင်းဘက်မှ တိုင်းထွာလျှင် အရှေ့မှ အနောက်သို့ ၂၃၆ ပေ၊ တောင်မှ မြောက်သို့ ၂၁၈ ပေ၊ ၆ လက်မ။ အထူမှာ ၄ ပေ၊ ၃ လက်မ။ အမြင့်မှာ ၇ ပေ၊ ၆ လက်မရှိသည်။ လေးမျက်နှာ၌ ၁၀ ပေ၊ ၁၀ လက်မ ကျယ်သော တံခါးပေါက် လေးခုရှိသည်။

စေတီတော်ကြီးနှင့်တည့်တည့် အရှေ့၊ အရှေ့မြောက်ထောင့်နှင့် အရှေ့တောင်ထောင့် ဂံတိုင်းနံရံတို့တွင် ကျောင်းပျက် စေတီပျက်များမှ တူးဖော်ရရှိသော ဆင်းတုတော်များကို တင်ထားပူဇော်ရန် မုခ်ပေါက်များ လုပ်ထားသည်။ မုခ်ပေါက်ပေါင်း တစ်ရာကျော်ရှိ၍ အရှေ့အရပ်ရှိ မုခ်ပေါက်တို့သည် အခြားမုခ်ပေါက်တို့ထက်ပိုကြီးသည်။ အချို့ ခြေ

လက်ကျိုးနေသော ဆင်းတုတော်များကို မြန်မာပန်းရံဆရာများက အစား ထည့်ထားသည်မှာ ပုံဟောင်းနှင့် မညီမညွတ် အဆင်မပြေ ဖြစ်နေသည် ကို တွေ့ရသည်။

စေတီတော်ကြီးပတ်လည်မှ မြေမျက်နှာပြင်သည် ရှေးဟောင်း ပကတိမြေမဟုတ်ဘဲ အဆောက်အဦးပျက် အုတ်ပုံ မြေကြီးကို တူးဖော် ယူကြပြီးနောက် ကျန်မြေကို ညှိ၍ သမံတလင်းခင်းထားသည်ဖြစ်ရာ စေတီကြီး၏ အောက် သမံတလင်းထက် လေးပေခွဲခန့် မြင့်မောက်နေ သည်။ စင်စစ်မှာ စေတီတော်ကြီး၏ သမံတလင်းထက် နိမ့်ရမည် ဖြစ်သည်ဟု ရေးခဲ့၏။

"ရာဂျင်ဒြလာလ်–မိတြ" က မြန်မာအမတ်တို့ လုပ်ထားခဲ့သော ပတ်ပတ်လည် သမံတလင်းသည် ရှေးဟောင်းသမံတလင်းထက် ၅– ပေ၊ ၆–လက်မခန့် ပိုမိုမြင့်မောက်လျက်ရှိသည်ကို တွေ့ရသည်ဟု မှတ် ချက်ပြုသည်။

စေတီတော်ကြီးမှထွက်၍ မြောက်ဘက်တံခါးသို့ သွားရာလမ်း လက်ျာဘက် တံတိုင်းအနီးတွင် အုတ်စေတီငယ်တစ်ဆူရှိသည်။ ၎င်း စေတီ၏ အတွင်းခန်းသည် ၃–ပေ၊ ၆–လက်မ ကျယ်၏။ စေတီအတွင်း မှ သမံတလင်းသည် မြေမျက်နှာပြင်ထက် ၅–ပေခန့် မြင့်နေသည်။ ၎င်း စေတီငယ်ကိုပင် အချို့မြန်မာဘုရားဖူးတို့က အနိမိသ သတ္တာဟ ဌာန အဖြစ်ဖြင့် မှတ်ယူ ပူဇော်ကြသည်။

ရှေးတရုတ်ရဟန်းတော်တို့၏ မှတ်တမ်းနှင့် မြန်မာဗုဒ္ဓဘာသာ တို့၏ မှတ်တမ်းမှာ အတော်ပင်ကွာခြားနေ၍ မည်သည်ကို အမှန်ယူရ

မည်နည်း ဟူသော ပြဿနာဖြစ်ပေါ်နေ၏။ ၎င်း ပြဿနာ၏ အဖြေမှာ တစ်ခုသာရှိသည်။ ထိုအဖြေကား ရှေးဟောင်းကမ္ဗည်းစာများ ဖြစ်သည်။ သို့ကြားလည်း 'မဟာန့်' နှင့် ၎င်း၏ငယ်သားများ ဝေးနီးရပ်ရွာရှိ ကုလားများသည် ကမ္ဗည်းလော ဘုရားလော သဘောမထားဘဲ ရ – ရသမျှ ကျောက် အုတ်များကို သယ်ယူအိမ်ဆောက်လိုက်ကြလေပြီ။ မကြာသေးမီက ရေးထိုးခဲ့သော မြန်မာ ကမ္ဗည်းစာအချို့ကိုပင် မဟာန့်၏အိမ်လှေကား များ နံရံများတွင် ရောက်နေသည်ကို တွေ့ရသည်။

ဤမျှသာမကသေး ရခိုင်၊ မြန်မာဘုရင်တို့ လှူဒါန်းခဲ့သော ရွှေ၊ ငွေ၊ ပတ္တမြား၊ ဘုရားဘဏ္ဍာတော်ဥစ္စာများဖြင့် ရင်းနှီးကြီးပွားလာခဲ့သော မိစ္ဆာဒိဋ္ဌိ မဟာန့်သည် အရှေ့မြောက်ထောင့်၌ သင်းချိုင်းကုန်း လုပ်ခြင်း၊ ဘုရား အုတ်ကျောက်များကို တူးယူကာ "တာရာဒေဝီ" ခေါ် နတ်သမီးနှင့် "ဝါဂီဆွရီ–ဒေဝီ" နတ်သမီး နတ်ကွန်းများဆောက်လုပ်ခြင်း၊ ထိုထို နတ်ကွန်း၌ တင်ထားပူဇော်ရန် (ယောကျာ်း) ရုပ်တုများကို မစဉ်း မစား တင်ထားပူဇော်ကြသည်။

## မင်းတုန်းမင်း ကျောက်စာ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သုရဂ္ဂဘူပေါဇဂတာဘသောသဘော၊ ဒယောဒက် သီတမုဘော တုသေတုသေ။ ဝနီကဇန္တျုသုသုခံ တပံတပံ၊ ယသံဓရော ယောသဟဝေ သဒါသဒါ (ဝံသဋ္ဌဂါထာ)။ ။

ယသံ၊ တန်ခိုးသတင်းကျော်စောခြင်းကို၊ ခရော၊ ဆောင်တော်မူနိုင်သော၊ ဇဂတိအာသဘဥသဘော၊ လူအပေါင်းတို့ထက်မြတ်သော ဥသဘမြောက်ပြီး၊ အာသဘကြီး ဖြစ်တော်မူသော၊ ယောသုရဂ္ဂဘူပေါ၊ အကြင်နတ်အပေါင်းတို့ထက် မြတ်သည်၏အဖြစ်ကြောင့်၊ သုရဇေဋ္ဌ၊ ကမလာသနမည်သော ဗြဟ္မာမင်းတည်းဟူသော တရားမင်းမြတ်သည်၊

သေဝနီကဇန္တုသု၊ မိမိကိုမှီကုန်သော တိုင်းနိုင်ငံသူ ရှင်လူ အပေါင်းတို့နှိုက်၊ သီတံသီတေန၊ ချမ်းလှေစွာသော၊ ဒယာဥဒကံ၊ ဒယာ ဥဒကေန၊ မေတ္တာတည်းဟူသော ရေဇဖြင့်၊ ဥဘောတု၊ သိဉ္စတု၊ သွန်း လောင်းဖျန်းဆွတ်ပါစေသတည်း၊

သသော သုရဂ္ဂဘူပေါ၊ ထိုနတ်အပေါင်းတို့ထက် မြတ်သည်၏ အဖြစ်ကြောင့်၊ သုရဇေဋ္ဌ၊ ကမလာသနမည်သော ဗြဟ္မာမင်းတည်းဟူ သော တရားမင်းမြတ်သည်၊ တပ်၊ အဇ္ဈတ္တိကဗာဟိရ–သန္တာန်နှိုက် ကျရောက်လာသော ပူပန်ခြင်းဒုက္ခကို၊ တပံ၊ တပန္တော၊ မိမိကပူပန်စေ လျက်၊ ဧကန္တေန၊ စင်စစ်သဖြင့်၊ သဒါသဒါ၊ အခါခပ်သိမ်း၊ အခါ ခပ်သိမ်း၊ သုခံ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာ၊ သေတု၊ အတ္တဘော နှိုက်၊ ဘေးနှောမရှိဘဲ၊ ပကတိဖြစ်ပါစေသတည်း။

ကမ္ဘာတသိန်း၊ အပြိန်းလွန်လေ၊ သေ၊ ဘာ၊ ဇ၊ ရှ၊ သချေ်လေးခု၊ ကိန်းစတုနှိုက်၊ ပြုအပ်ပြီးသော ပါရမီသုံးပါး၊ အပြားသုံးဆယ်၊ ဖြိုးကြွယ် လမ်းကောင်း၊ ဆုကြီးပန်တောင်း၊ ဘုရားလောင်းတို့တံထွာ၊ ကျင့်ကောင်း ရာရာ၊ ဓမ္မတာတို့ဖြင့်၊ တန်းဆာဆင်အပ်သော၊ အလျှသီလ၊ မိုးမြေတမျှ၊ တင်းကျမ်းပသော၊ စရိယအပေါင်းသည်၊ ဘုရားဖြစ်အံ့သော၊ ယခုပစ္စက္ခ၊

ဤဘဝအဖြစ်တော်နိုက်၊ အကျိုးပေးခွင့် မရနိုင်လေရကား။

တထောင်လှေလှည်း၊ သိမ်းဆည်းဆောင်ယူ၊ ဝန်ဟူသမျှခပင်းကို၊ တစင်းတစီးတည်းသော၊ လှည်းလှေဖြင့် တင်ယူဆောင်သကဲ့သို့။

နှစ်ဆယ့်ငါးစင်း၊ စီးဆင်းသဝဏ္ဏီ၊ ကုန္နဒီတို့၏၊ တညီတည်းပက်၊ ပြေးဆွက်အစည်၊ အလျှည်အပေါင်းတို့၏၊ ရှောင်းတခင်ကျ၊ ရောက်ရာဌာန၊ မြစ်အဝနိုက်၊ လွလွငွေသား၊ ပုလဲပွားအတူ၊ ဖလပ်ဖြူပြန်းတို့၏၊ အပေါင်းနှင့်တူစွာ၊ များစွာကုန်သောရေတို့၏၊ စုရုံးမိသောအခါကဲ့သို့ဖြစ်၍၊ ဉက္ကဋ္ဌဝိသိသ်၊ အောင်ဟိတ်မင်္ဂလာ၊ ဇေယျာသဘင်၊ ဉကင်မဏ္ဍလ၊ မြေများအနှစ်၊ ဗောဓိခေတ်နိုက်၊ ဘုရားရှင်တို့အင်္ဂါ၊ ခြင်းရာကုံငံ၊ ပြည့်စုံလှ၍၊ အထမြောက်ပြီးသော၊ ဘုရားအဖြစ်၊ ရှိတော်မူသော၊ ဂေါတမထင်ရှား၊ ဘုရားသုံးလုချစ်ရှင်သည်။

က္လမသ္မိ၊ ဘဒ္ဒကပ္ပေ၊ မိန့်ထွေအာဒိ၊ ပြရှိရွှေခွန်း၊ သွန်းသွန်းမဟာ၊ သံဝါအထူး၊ မိန့်ကျူးသေသပ်၊ ဘဒ္ဒကပ်ဟု၊ ပညပ်သာယာ၊ ဤကမ္ဘာနိုက်၊ ပတ္တနာအထူး၊ ကျွတ်ဆုရူးသော၊ သုံးဦးရွှေမှောက်၊ စည်တလျှောက် ယသ်၊ ပွင့်ထောက်မနီး၊ ကျွတ်ပွဲကြီးကို၊ မမှီးရလိုက်၊ တမ်းမဆိုက်သော၊ ပ ဖြင့်မျှ၊ ဝေဏေယတို့အား၊ အာကာသဂင်္ဂါ၊ မိုးတာလမ်းကြောင်း၊ ကောင်းကင်မြစ်ကြီး၊ ယိုစီးတွတ်တွတ်၊ လွှတ်စေဘိ၏သို့။

လေးပါးရောင်စု၊ မေရုသိန္ဓု၊ ကြီးထုအဏ္ဏဝါ၊ ချာချာရဟတ်၊ လှည့်ပတ်ဘိ၏သို့။

ထိုနှင့်အတူ၊ မဥ္ဇူဝိညေယျ၊ စသည်ထင်ရှား၊ အင်ရှစ်ပါးဖြင့်၊ တရားငြိမ့်လေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးဝေသော်၊ မူလတ်တော်

တည်း၊ ထိုရော်အခါ၊ ကိုယ်ထင်သေချာ၊ မနာရလိုက်၊ ကျွတ်ထိုက်မကျွတ် ထိုက်၊ လူတို့နိုက်တွင်၊ ကျွတ်ထိုက်သူမှာ၊ သတင်းဘို့သာ၊ မကျွတ်ထိုက် ရာ၊ သူတို့မှာကား၊ ဝါသနာဖြစ်စေ၊ သင်္ဂြိုဟ်ပေ၍၊ သုံးထွေသာသနာ၊ မြတ်ရိုက်ရာကို၊ ရောင်ဝါစည့်စည့်၊ မွန်းတည့်အခါ၊ သိန်းရာတရှိ၊ သဟ သံရံသိ၊ ရဲရဲညိ၏သို့၊ ကိုယ်စားတော်စား၊ ထားတော်မူခဲ့သတည်း။

ယင်းသို့သာသနာ၊ စက်အာဏာ၏၊ တည်ရာတမ်းခွန်၊ အမွန် မဏ္ဍလ၊ မရမ္မသမိုက်၊ ဘဝဂ်မိုးဆိုက်၊ ဦးကိုင်အောင်မြိုက်၊ ချီးမွမ်းထိုက် သော၊ ဇမ္ဗူဒီပါကျွန်း၊ မန္တလေးရတနာပုံ၊ ရွှေပြည်တော်ကြီးနိုက်။

ကုန်းဘောင်ပရမ၊ သီရိန္ဒရ၊ အာဒိကဖြစ်သော၊ မင်းတရားကြီး၏၊ သားတော်အစစ်၊ ချစ်မရဲလှ၊ အမရပူရ–ပြည်မရွှေတောင်၊ မင်းပွဲဆောင် သော၊ "သီရိပဝရ ဝိဇယာနန္တယသတြိဘဝနာ ဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာ" မည်တော်ရှိသော၊ အမရပူရရွှေမြို့တော်တည် မင်းတရားကြီး၏မြေးတော် ဗြဟ္မဒတ်၊ စက္ကရတ်ဖြစ်သော၊ မဟာလောက မဏိစူဠာ စေတီတော်ဒါယကာ၊ "သီရိပဝရာဒိတျာ လောကာဓိပတိ ဝိဇယမဟာဓမ္မရာဇာဓိရာဇာ"၊ မည်တော်ရှိသော၊ ခမည်းတော် မင်းတရား စစ်၊ မယ်တော်ချစ်တို့၏၊ ရွှေရင်နှစ်မြတ်၊ မဏိဇောတရည်၊ မနောနတ် တမူလည်းဖြစ်ထသော။

ဒသဃနကာမော သီလဝန္တာနံ၊ သဒ္ဓမ္မံသောတုမိစ္ဆတိ၊ ဤသို့အာဒိ၊ အစရှိသော၊ ရွှေခွန်းတော်မြတ်၊ မုက္ခပါဠ်နှင့်အညီ၊ သီလဝန်ပုဂ္ဂိုလ်၊ တွေ့လိုစိတ်ဇော၊ နာသောတရား၊ ကင်းပါးဝန်တို၊ အကုသိုလ်ဇာစ်၊ မည်းညစ်မနော၊ စင်းစင်းချောသော၊ သဘောဓမ္မတာ၊ သဒ္ဓါဘိဗလဝ၊

ပြအပ်သောသဒ္ဒါတမ်းခွန်၊ အမွန်ရတနာ၊ မဟာနုဂါမိ၊ ဉာဏ်ရင်းရှိတော်မူလတ်ရကား၊ စူဠသောတာပန်၊ မည်ထိုက်တန်သော၊ လောကုတ္တရာ ဂုဏ်ထူး၊ ကျေးဇူးသကတ်၊ မြတ်ထက်မြတ်တမူလည်းဖြစ်ထသော။

မင်းတို့တံထွာ၊ တရားဘွယ်ရာ၊ ဒေသနာမှာ၊ ကေရာရာန်ငူး၊ စောဘုန်းလူးတို့၊ ဦးစွာလတ်မွန်၊ ကျင့်သုံးရန်ဟု၊ ခန္တီတရား၊ ဟောထားသည့်အတိုင်း၊ ကြပ်တိုင်းဆုမ္မ၊ ကျင့်ကုံငြ၊ လူသာမန်တို့၊ သည်းခံနိုင်ခဲသော၊ အရာတို့နှိုက်၊ သူတပါးတို့နှင့် မဆက်မဆံ၊ သည်းခံနိုင်သော ခန္တီဂုဏ၊ စန္ဒန ဂန္ဓာရုံ၊ ထုံအပ်သောရန့်ရှိရကား၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်၏၊ ပါဒကအစစ်၊ အဖြစ်ထိုက်လှသော၊ တရားအနေ၊ အခြေရှိတော်မူလတ်သဖြင့်၊ ဤမြေမျက်နှာ၊ ချာချာလောကဓာတ်၊ ရန့်လွှတ်သော၊ သိဒ္ဓိပတ်တမူလည်းဖြစ်ထသော။

"သီရိပဝရ ဝိဇယာနန္တ ယသပဏ္ဍိတတြိဘဝနာ ဒိတျာဓိပတိ မဟာဓမ္မရာဇာဓိရာဇာ"၊ မည်တော်ရှိသော၊ တရားမင်းမြတ်သည်။

ကောဇာသက္ကရာဇ် ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့အခါ၊ သာသနာ့ဒါယကာဖြစ်ထိုက်ရာသော၊ အကြောင်းဥပဒေ၊ မူသေလက်ရှိ၊ ဖြစ်ဘိရကား၊ သာသနာစောင့် နတ်ကောင်း နတ်မြတ်တို့၊ ညီညာဝန်းပတ်၊ ပျားပန်းခပ်၏သို့၊ လွယ်လင့်တကူ၊ သိမ်းယူလက်ဆောင်၊ ရှေ့ဖျားစောင်၍၊ ရွှေတောင်ဆက်နှင်းလတ်သတည်း။

ဆက်နှင်းသိဂ်ါ၊ ရတနာရွှေတောင်၊ တက်ပြီးနောင်လည်း၊ အခေါင်ညာထား၊ မိဖုရားမြတ်၊ သီရိလျှံပတ်၊ နန်းလုံးနတ်ဖြစ်သော၊ လောကုတ္တရာဉာဏ်၊ ချက်မှန်ကုံငြ၊ ဓမ္မပြဒေသ၊ လင်းလင်းပလျက်၊

လောကအဂ်္ဂါ၊ ဗေဒင်မှာလည်း၊ အာစရိယမုဒ္ဒိ၊ လက်ရှိကျမ်းဂန်၊ ချက်တိုင်းမှန်၍၊ ဝေဒလ်ပါရဂူ၊ ဖြစ်တော်မူသော၊ "သီရိပဝရ အတုလ တိလောက မဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ"၊ မည်တော်ရှိသော၊ မိဖုရားကြီးနှင့်အတူ၊ ဆည်းဘူးတော်မူအပ်သော၊ ပါရမီအပေါင်းကား၊ သမုဒ္ဒရာထက်စုန့်၊ သဲမှုန့်မက၊ ပမာဏထက်၊ ဆကဲထက်သဖြင့်၊ ကိန်းခန်းအချက်၊ ဂဏန်းကန့်ကွက်၊ ရေတွက်မကုန်ဖြစ်သတည်း။

ထိုပြီးတခြားလည်း၊ ရှေးမင်းတကာတို့၊ တည်ထောင်စံနေခွင့်မရ၊ ကပိလရသေ့၏၊ သခ်မ်းနေရာ၊ မြေမျက်နှာကဲ့သို့၊ ရန်အပေါင်းတို့ကို၊ အောင်မြင်ရာ၊ မန္တလာစလ၊ ဇေယာမဏ္ဍလ၊ ဘူမိသီခရ၊ မြေများဦးစွန်းဖြစ်သော၊ အရပ်နိူက်၊ ကျုံး မြောင်း မြို့ပြ၊ စည်တို့နှင့်တကွ၊ ရတနာပုံ ရွှေမြို့တော်ကြီးကို၊ တည်ထောင်ဖန်ဆင်းတော်မူ၍၊ ရပ်ရှစ်မျက်နှာ၊ ကြေညာကျော်သဲ၊ မင်းတကာတို့၊ မကြုံဦးရဲ၊ မပြဘူးမြဲ၊ လွန်ထူးကဲသော၊ မင်းပွဲသဘင်၊ ရင်တော်မူလတ်သတည်း။

ထိုအခါ ဂန္ဓာရတိုင်း၊ တရုပ်ဥဒည်မင်းက၊ ရှေးဘေးလောင်းတော်၊ ဘိုးလောင်းတို့လက်ထက်၊ အဆက်စည်လာ၊ မဟာမိတ်ကြီး၊ နီးရင်းရှိသည့်အတိုင်း၊ ညွတ်ရှိုင်းခံမင်၊ ရာဇမဟာမိတ်နှင်နှင်၊ ဖြစ်ချင်လိုသောသဘောနှင့်၊ ရောနှောဆက်ဆံသောအားဖြင့်လည်းကောင်း၊ ဥရောပတိုက်၊ ရောမတိုင်း၊ ဣတလီပြည်၊ ပါရစ်ပြည်၊ အင်္ဂလန်ပြည်မှစ၍၊ အနောက်မျက်နှာ၊ တိုင်းကြီးပြည်ကြီးတလွှား၊ မျိုးခြားမတူ၊ လူတို့အပေါင်း၊ သိုးဆောင်းမင်းတို့လည်း၊ မုန်းမာန်မဟော့၊ ရန်မငွေ့ဘဲ၊ ဓလေ့သီးသီး၊ ပြည်ကြီးကြက်သရေ၊ အထွေထွေသော၊ လက်ဆောင်ပဏ္ဏာတို့နှင့်တကွ၊

သာရဏီယ၊ သမောဒနီယ စကားတို့ဖြင့်၊ ခြေင်သာယာစွာ၊ ရာဇမဟာ မိတ်အရှည်၊တည်စေလိုသောအကြောင်းနှင့် ပေါင်းဘော်ဆက်လက်သော အားဖြင့်လည်းကောင်း။

သီရိဝေပုလ္လ၊ မနောဟရ၊ မြအနဃ္ဃ၊ ချမ်းကြည်လှဘိ၊ သဘောရှိ ရကား၊ ညစ်ကြေးလွတ်စ၊ တိမ်ဦးညွန့်ဝ၊ တိမ်မှအထ၊ ကဏိကာရ၊ ဟေမဇာလာ၊ စကားဝါရောင်ရွှေသား၊ မဟာလှေကားပန်းအယောင်၊ နေရတောင်အဆင်းကဲ့သို့၊ ပြောင်ပြောင်ညီညီ၊ ယိုစဘွယ်လိ၊ မိုးလုံးအိ သော တိမ်ရောင်၊ ဝဇီရဇိန်လျှံလင်း၊ မုတ္တာဖြူဝင်း၊ သလင်းငွေကျော၊ မိုးကြောအလယ်၊ ထွန်းလင်းကယ်သော ကြယ်ရောင်တို့ဖြင့်၊ ယောရှက် ကျိုတကျူ၊ သီတဂူဘုံမြတ်၊ ပတ်ပတ်လေးကျွန်း၊ လှည့်လည်ထွန်းသော၊ လဝန်းပမာကဲ့သို့ ဖြစ်လတ်သတည်း။

ဘုန်းတော်တေဇ၊ တန်ခိုးပသည်၊ သာသနာ့ဒါယကာ၊ မဟာ ဓမ္မရာဇ်၊ ထိုမင်းချစ်သည်။

အနာဂတ မဒ္ဓါ နမ္ပိခေါဘိက္ခဝေ ကလျာဏာမိမုတ္တိကော၊ ကလျာ ဏာမိ မုတ္တိကေန သိဒ္ဓိံသံ သန္ဒိဿတိ၊ သမေဿတိ၊ ၊ ဟူသော သံယုတ်ပါဠိတော်၊ ဓာတုသံယုတ်နိုက်၊ ထူးထွေဆန်းပြား၊ ဘုရား သာသနာ၊ အမွန်ရှည်စွာ၊ တည်စေရာကြောင်း၊ ကောင်းစွာဟောထား တော်မူအပ်သော၊ သန္ဓာယဘာသိတ သမုဋ္ဌာန ဒေသနာတော်နှင့်၊ မင်္ဂလာစံအိမ်တော် စံစည်ကပင်၊ နောင်တန်သောခါ၊ ငါလျှင်ဇကရာဇ်၊ မင်းမိးဖြစ်မူ၊ ရှင်ချစ်ဘုရား၊ ဟောထားတော်မူအပ်သော၊ သာသနာတော် သုံးပါးကို၊ တိုးပွားခိုင်ဖြိုး၊ နှီးနှောညီညွတ်စေ၍၊ ဓမ္မာဘိ သမယတိုင်

အောင်သော၊ သာသနာပြုပွဲကြီးသဘင်၊ ယင်တော်မူမည်ဟု။

လက်ဦးရှေးမွန်၊ ရည်သန်အပ်ပြီးသော၊ အကြံတော်သည်၊ ဂင်္ဂါရေနှင့် ယမုနာရေသည်၊ အဆင်းအနံ့အားဖြင့်၊ ထူးပြားကွဲလွဲခြင်းမရှိ၊ ညီညွတ်သောအရာကဲ့သို့၊ သိန္ဓုဒြာန်ယူ၊ နှလုံးမူမိသောအားဖြင့်၊ သာသနာတော်မြတ်ကို၊ ဆော်ဘန်နိစ္စ၊ ကိုယ်မှူးကြပ်မ၊ ပြုစေရသတည်း။

ထိုသို့ချီးမြှင့်ရသော်လည်း၊ တိုးလေတိုးလေ၊ တက်သစ်ရေကဲ့သို့ ဖြစ်၍၊ သဒ္ဒါတရား၊ ပတ္တမြားစစ်၊ ဝေပုလ်တောင်ဖြစ်၊ ကောင်းနှစ်အလား၊ ဆင့်ဆင့်ပွားရကား၊ သာသနာတော်မြတ်၊ တည်ထွန်းရင်းအစ မူလအရပ် ဖြစ်သော၊ ဂင်္ဂါ နေရဥ္စရာ ကနကသောတမြစ် ၃–စင်းတို့ ပေါင်းဆုံရာ၊ ဖလ္လုဆိပ်ဖြင့် တန်းဆာဆင်အပ်သော၊ လောကီသက္ကဋ္ဌကျမ်း အလိုအားဖြင့်။

ဓမ္မစကြာတရားကို ဟောတော်မူရာ၊ "ဂယာသုရသိရ" မည်သော၊ မိဂဒါဝုန်တော စသည်တို့ဖြင့်၊ တန်းဆာဆင်အပ်သော၊ အရှေ့ ဂဇင်္ဂလ မည်သော နိဂုံး၏အနောက် အင်ကြင်းတော။

အရှေ့တောင်ထောင့် "သလ္လာဝတီ" မြစ်။

တောင်မျက်နှာ "သေတကဏ္ဏိက" မည်သော နိဂုံး။

အနောက်မျက်နှာ "ထုဏ" မည်သော ပုဏ္ဏားရွာ။

မြောက်မျက်နှာ "ဥသိရဒ္ဓဇ" တောင်ဟူသော ကျောက်စိုက် ငါးကြိမ်၊ နိမိတ်သိမ်ကဲ့သို့၊ ပိုင်းခြားမှတ်သားအပ်သော။

အဝန်းကိုးရာ နှင်နှင်ရှိသော၊ မဇ္ဈိမတိုက်၊ မဂဓရာဇတိုင်း၊ ရာဇဂြိုဟ်မြို့စီရင်စု၊ ဥရုဝေလမည်သော သေနာနိနိဂုံး၊ တနည်း သေနာနိ

နိဂုံးနယ်၊ ဂယာရွာ။

တနည်း၊ ဂယာမည်သော ရေဆိပ်အနီး၊ ဉရုဝေလသဲတော၊ နေရဉ္စရာမြစ်ကမ်းနား။

တဆယ့်ရှစ်မင်းပယ်စား မြေမျက်နှာတည်သော၊ ဒုက္ကရစရိယာကျင့်တော်မူရာ၊ "သိဒ္ဓါသမ" မည်သောတော။

တဆင့်ရှစ်မင်းပယ်စား ပမာဏရှိသော ဆင်ဦးခေါင်းနှင့်တူသော တောင်နို့က်၊ ဆင်ဦးကင်းနှင့်တူစွာ၊ ရဟန်းတထောင်တို့ စည်းဝေးညီမူလောက်သော၊ ဂယာသီသမည်သောနေရာအထူး။

ပကတိမြေက ၁ပင်စည်ခက်မရောက် တောင်သင့် ၅ဝ်။ ၎င်းက ခက်ဖျားရောက် တောင်သင့် ၅ဝ်။ ၂ စုတောင်သင့် ၁ဝဝ်။ ပမာဏ အစောက်မြင့်သော၊ မဟာဗောဓိပင်မှ အရှေ့တလံကွာ၊ ရှေးပေါ်နှောင်းပျက်၊ ဘွားဘက်တော်စစ်၊ မဟာပထဝီမြေဆီကောင်းနှစ်၊ အမွန်ဖြစ်သော၊ မင်္ဂလာဥကင်၊ သမိုက်ပြင်သဘွယ်၊ သစ်ပင်နွယ်မြစ်၊ လက်ယာရစ်ရှေ့ရှု၊ မျက်နှာမူလျက်၊ ဝဇီရာသနပလ္လင်၊ တံကဲပျည်ကဲ့သို့ဖြစ်၍၊ အလုံးစုံဘုရားရှင်တို့၊ အာဏာပါန စတုတ္ထစျာန်လျှင် အခြေရှိသော၊ ကုဋေသုံးသန်း ခြောက်သိန်းသော ဝိပဿနာညာဏ်ဟုဆိုအပ်သော၊ မဟာဝဇီရ ညာဏ်တော်ကို ပွားများ၍၊ အရဟတ္တမဂ်လျှင် နီးစွာသောအကြောင်းရှိသော၊ သဗ္ဗညုတညာဏ်ကို၊ ပန်ဆင်လှမ်းယူရာဖြစ်သော။

ဗောဓိမဏ္ဍလမြေ အရပ်။

ဗောဓိမှ အရှေ့မြောက်ယွန်း၊ ၁၆၊ ၁ ကွာ၊ အနိမိသကုန်း။

ဗောဓိနှင့် အနိမိသကုန်းအကြား၊ ဗောဓိမှ အရှေ့ ၁၀၊ ၆ ကွာ၊

စင်္ကမဌာန။

ဗောဓိမှ အနောက်စူးစူး၊ ၁၃ါကွာ၊ ရတနာဃရဌာန။

ဗောဓိမှ အရှေ့မျက်နှာ၊ တာ ၅၀ဝါ ကွာ၊ အဇပါလ ပညောင်ပင်။

ဗောဓိမှ အရှေ့တောင်မျက်နှာ၊ ၂ ဂါကွာ၊ မုစလိန္ဒအိုင်။

ဗောဓိမှ တောင်မျက်နှာ၊ တာ ၄ဝါ ကွာ၊ ရာဇာယတန လင်းလွန်းပင်။

ဤသို့ထင်ရှား ခုနစ်ပါးကုန်သော အရပ်တို့ဖြင့် မှတ်အပ်သော၊ မဟာဗုဒ္ဓဟော၊ စေတီတော်မြတ်ရှိရာ၊ မဇ္ဈိမဒေသအရပ်သို့ စေလွှတ်၍။

သာသနာတော်မြတ် တည်ထွန်းဘူးကုန်သော အရပ်တို့နှိုက်၊ စေ့ငုအောင် သာသနာတော်မြတ် တည်ထွန်းစေမည်၊ သို့တည်ထွန်းမှလည်း၊ ထုံးမှီစံမျှ၊ အရိုးကျဖြစ်၍၊ အထက်မဇ္ဈိမဒေသနှိုက်ရပ်တန့်၍၊ ၉–ဌာနတို့နှိုက်၊ သာသနာတည်စေရင်းသူဖြစ်တော်မူသော "အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ" မထေရ်မြတ်နှင့် တပြေးညီလတ်သဖြင့်၊ နေရာတကျမြဲမြံကောင်းလှ ဌာ၀ရအရှည်တည်ရန် ရှိမည်ဟုရည်သန်တော်မူသည်ဖြစ်၍။

မဟာဗုဒ္ဓဟော ရွှေညောင်တော်မြတ်အား၊ လှူဒါန်းပူဇော်ရန်၊ စိန်လုံးရေ ၅၁၁၊ မြလုံးရေ ၃၁၁၊ ကျောက်နီလုံးရေ ၃၉၆၆၊ ပုလဲလုံးရေ ၆၂၃၊ တို့မှတပါး၊ အထူးထူးကုန်သော၊ ရတနာတို့ဖြင့်၊ တန်းဆာဆင်အပ်သော၊ ထီး၊ တမ်းခွန်၊ တန်းဆောင်၊ မြှူတာ၊ ပန်းကုံး၊ ပန်းခိုင်စသော ဒေယျဒမ္မဒါတဗ္ဗတို့ကို၊ စီမံခင်းကျင်း၍ မိဖုယား၊ သားတော်၊ သမီးတော် စသည်တို့က၊ အသီးအသီး စီမံအပ်သော၊ လှူဘွယ်ဝတ္ထုတို့

နှင့်တကွ၊ မဟာဗောဓိမဏ္ဍိုင်နှိုက်၊ ပယ်ခွါအပ်ပြီးသော၊ ကိလေသာရန်မှက် အညစ်အကြေးရှိတော်မူသဖြင့်၊ ဘုရားအဖြစ်သို့ရောက်တော်မူသော၊ မြတ်စွာဘုရားသခင်ကို ရည်မှတ်၍၊ မြတ်သောတောင်မိဖုယားခေါင်ကြီး နှင့်အတူ၊ ရေစက်သွန်းချ ရေ့ရှုလှူဒါန်းပူဇော်တော်မူသည်။

ယခုဘဝ၊ ပစ္စက္ခနှိုက်၊ ဓမ္မငြိမ့်လေး၊ အမြိုက်ဆေးကို၊ မနှေး သောက်ရနိုင်လိုသော။

တိုင်းနိုင်ငံသူ၊ ရှင်လူတို့အား၊ တရားကြော်ကြွေး၊ နည်းပေး သွန်သင်ပြလိုသော။

ဆုတောင်းပတ္တနာတော်နှင့်တကွ၊ မယ်တော်၊ ခမည်းတော်၊ ဘိုးတော်၊ ဘွားတော်၊ သားတော် မင်းတရာတို့ကို၊ အဦးထား၍၊ သုံးဆယ့် တဘုံဝေဏေယျတို့အားလည်း၊ အမျှပေးဝေတော်မူသည်။

မြင်းမိုရ်၊ သတ္တရဗ္ဘန်၊ ဟေမဝန္တာတောဟူသော ဦးဆောက်ပန်း ရှိသော၊ မဟာပထဝီ ဤမြေကြီးကား၊ ကမ္ပန၊ ပကမ္ပန၊ ဝိကမ္ပန၊ စသော အမှုကိုပြုလျက်၊ ငါ၏သက်သေဖြစ်စေသော ဟူ၍လည်း တိုင်တန်းတော် မူသည်။

ဒါနပတ္တနာ၊ ပတ္တိဒါန  သက္ခိကရဏာ၊ ကိစ္စပြီးဆုံးနှိုက်၊ သာသနာ နှစ် ၂၄၁၇ ခု၊ ကောဇာသက္ကရာဇ် ၁၂၃၆ ခု၊ ဗြဟ္မာနှစ်အဘို့၊ နှစ်ဆယ် တို့တွင်၊ ၁၁ ခုမြောက် ဣသဃနှစ်၊ တန်းဆောင်မုန်းလ၊ သရဒဥတုနှိုက်။

မြောင်လှမြို့စားဝန်ထောက်၊ "မင်းကြီး သီရိမဟာဇေယျသူ"၊ စာရေးကြီး "နေမျိုးမင်းထည်စည်သူ"၊ အမှာရေး "နေမျိုးမင်းထင် ကျော်ခေါင်" တို့ကို၊ အချင်းအရင်းတို့နှင့်တကွ စေခန့်တော်မူ၍ လှူဘွယ်

ဝတ္ထုတို့ကိုလည်း "စကြာယည်မွန် မီးသဘော်" တော်တွင် တင်ဆောင်ပြီးလျှင်၊ မဟာဗောဓိ ရွှေညောင်တော်ရောက်စေလွှတ်၊ ပို့သတင်လှူတော်မူသည်။

၎င်း အလှူတော်များကိုလည်း၊ မဟာဗောဓိရွှေညောင်တော်စောင့် အကြီးအစိုးရ မဟန္တကြီမည်သော၊ ဇော်ဂိလက်ရောက် အပ်နှံ၍၊ အုတ်တိုက် ဘဏ္ဍာအိမ်နှင့် ကောင်းမွန်စွာ ထားစေရသတည်း။

ဤသို့လျှင် တိမ်ဝပေါ်ထွန်း၊ လေးကျွန်းပတ်ဝိုက်၊ တိုက်၏အဝ၊ နေလနှစ်ပါး၊ ထင်ရှားနှံ့သိ၊ မိုးလုံးညီ၏သို့၊ အမွန်ရှည်စွာ၊ ကပ်လုံးကမ္ဘာ၊ ပြောပစရာ၊ တည်စေငှါဟု၊ ဤကျောက်စာသံပိုင်းကို၊ ထိုးမှတ်စိုက်ထူစေရသတည်း။

ကြားလော့မင်္ဂလာ၊ ထောမနာဖြင့်၊ ဩဘာသံကြီး၊ ဆိုဝံ့ခြီးပိမ့်၊ ထီးမိပတိ၊ ညီးညီးညီသည်၊ ဒွိပဒုက္ကဋ္ဌ၊ နာထနတ်ဟု၊ လောကဓာတ်လုံး၊ ခညွတ်ရုံးသား၊ သုံးဆယ့်တပြင်၊ ဘုံတခွင်ကို၊ မဂ္ဂင်ရေနန်း၊ ဝါတည်းမြန်း၍၊ ကူးသန်းအတူ၊ ပါအောင်မူသည်၊ ပါရဂူမူး၊ ဂုဏ်အထူးဖြင့်၊ ကျေးဇူးတိုးပွား၊ တရားနက်လေး၊ လွန်မြတ်လေးလျက်၊ မန္တလေးရန်အောင်၊ ယုဂန်တောင်မှ၊ ထောင်ရောင်ခြည်ပွင့်၊ နေဝန်းတင့်သို့၊ နေမင်းဆွေသား၊ စောတရားကား၊ ပြန်ပွါးစေတနာ၊ ကဲလွန်စွာဖြင့်။

ရတနာပုံ၊ ဇေယုံအောင်မျှို၊ ဗျာဒိတ်မြို့မှ၊ နှစ်မြို့စွာလှ၊ မဂဓတိုင်းနယ်၊ လှိုင်းပြင်ကျယ်နှင့်၊ ပင်လယ်ခြားရာ၊ ငါးမာရ်ခွါသွား၊ အပရာဇိ၊ ညောင်ဗောဓိသို့၊ အသဒိသ၊ မြတ်ဒါနဟု၊ စိန် မြ ပတ္တမြား၊ ကိုးပါးနဝရတ်၊ လျောက်ပတ်ခြယ်လယ်၊ လွန်ဆန်းကြယ်ကို၊ ကျယ်မကုံးနိုင်၊

ဆုံးမပိုင်တည့်၊ နိုင်ငံလုံးလူ၊ သာမယူလျက်၊ လူ့ရေစက်ဖြင့်၊ ပန္နက်ဆုကြီး၊
မဂ်ဖိုလ်ထီးဟု၊ ညီးညီးဖွင့်လျက်၊ မြင့်ထက်မြင့်သား၊ ပြည်မင်းဗိမာန်၊
မြိုက်နိဗ္ဗာန်ကို၊ ဧကန်မျက်မှောက်၊ ပြုရမြောက်စိမ့်၊ လျှင်တောက်တပို၊
မိန့်မြွက်ဆိုပြီး၊ ထိုသည်ဒါန၊ ဒါတဗ္ဗကို။ ။

မြောင်လှမြို့စား၊ ကြော်ကြားဝန်ချောဏ်၊ ဏာမ်းခွန်ဆောက်သို့၊
ဝန်ထောက်ရာသီး၊ ဝင်းဝင်းညီးသည်၊ "မင်းကြီး သီရိမဟာဇေယသူ"
ဇမ္ဗူရောင်ခြည်၊ ရွှေဘွဲ့ချည်သား၊ တည်ကြည်တတ်ကုံ၊ မတ်ကျွန်ယုံအား၊
ဥသျှုံနှင်းအပ်၊ ယွင်းမလပသည်၊ စေ့စပ်သေချာ၊ ထိုအခါကား၊ ကောဇာ
သက္ကရာဇ်၊ တစ်–နှစ်–သုံး–ခြောက်၊ မိုဃ်းဆုံးရောက်သား၊ မြောက်လေ
စတုန်း၊ တန်ဆောင်မုန်းဟု၊ မအုန်းဝဿ၊ နှင်းမကြွတည့်၊ သရဒပြီးစွာ၊
ကောင်းမြတ်ခါနှိုက်၊ များစွာပူဇော်၊ အလှူတော်ကို၊ နမောဒနာ၊ ဖြစ်စေငှါ
ဟု။

"ဒီပါလင်္ကာရ – သီရိကဝိဇေ – မဟာဓမ္မရာဇဂုရု"၊ ဇမ္ဗူသေနင်း၊
မင်းအပ်တံဆိပ်၊ ဘွဲ့ပုံနှိပ်ဖြင့်၊ ကျွန်းထိပ်သပြေ၊ ကျော်စောစေလျက်၊
ကြက်သရေရောင်ဝါ၊ ပွင့်လင်းစွာသား၊ "လင်္ကာရာမ" ထိုက်သာစွဝယ်၊
ဒီပနဂိုရ်၊ ကျွန်းသီဟိုဠ်က၊ မှီခိုရောက်ဆိုက်၊ တိုက်တွင်စည်ကား၊ များဖြင့်
စွာသည်၊ သင်္ဃာများထီး၊ တောက်သည်မီးသို့၊ ဝေးနီးထင်စွာ၊ အကြင်
ငါလျှင်၊ ကျောက်စာမော်ကွန်း၊ သံပိုင်းဝန်းသည်၊ လေးကျွန်းနတ်ရွာ၊
ဗြဟ္မာကျော်စိမ့် ပတ်ကုံးတည်း။

ဤကျောက်စာသည် ယခုအခါ မဟာန့်ကျောင်းဝင်းတွင် မြန်မာ
လက်ရာ အုတ် ပြာသဒ်တစ်ခုအောက်တွင် ရှိပေသေးသည်။ အနီးတွင်
ရှိသော ကျန်ကျောက်စာတစ်ခုမှာ မဟာန့်တို့ ဖျက်ဆီးလိုက်ကြပြီ။

## မင်းတုန်းမင်းကြီး ၏
## ကိုယ်စားတော် ကမ္ပည်းစာ

သက္ကရာဇ် ၁၂၃၇ ခု၊ ပြာသိုလပြည့်ကျော် (၄) ရက်၊ သောကြာနေ့၊ နေ့တချက်တီးကျော်၊ သုံးမောင်းအချိန်၊ ဝန်ရှင်တော်သေနတ်ဝန်ကင်းဝန်လယ်ကိုင်းမြို့စားမင်းကြီး ဝန်ထောက်တော် မြောင်လှမြို့စားမင်း သံတော်ဆင့် မင်္ဂလာသောင်တင်းပျံ့ လှေတော်အုပ်မင်း ဦးလှဘူး စာရေးတော်ကြီးမင်း ဦးကြီး။ ဦးဘိုးလှ၊ ဦးမြ၊ ဖြတိုက်သံတော်ဆင့် ဦးပေါက်ကြိုင်း၊ စကားပြန် မောင်ဘိုးလှူ။ မောင်ဘိုးမောင်၊ မောင်မျှင်၊ ပညာတော်သင် မောင်ရန်အေး၊ မောင်ထွန်းလင်း၊ မောင်အုန်းဘူး၊ မောင်ဘိုးသာ၊ မောင်းဘိုးသက်တို့နှင့် ရန်ကုန်မြို့ ကျောင်းတကာ ဦးဘိုးညှင်း၊ ဦးဘိုးကြီး၊ ၎င်း သား မောင်သော၊ စုစုပေါင်း ၂၁၊ ဗုဒ္ဓဂယာ မဟာဗောဓိသို့ရောက်၍ အတင်အလှူတော်များကို တင်လှူပူဇော်ပြီးလျှင် မဟန္တကီဇော်ဂီသို့အပ်ထားခဲ့သည်။ (မူရင်း စာကြောင်းရေ (၁၈) ကြောင်း)

(၁၂၄၄ ခု၊ ပြာသိုလအတွင်း ဘုရားဖူးကြွရောက်သော သင်္ဂဇာ ဆရာတော်ဘုရားသည် ဘကြီးတော်ဘုရား၏ ကျောက်စာရုံနံရံ၌ မင်နက်ဖြင့် ရေးထားသည်ကို တွေ့ရှိပြီး ဆရာတော်၏ နောက်တော်ပါ ရန်ကုန်မြို့၊ ကျောက်တံတားရပ်နေ အမိန့်တော်ရ ဦးပုတ်နီအား ကူးရေးစေသည်။ ၎င်းစာကို "မဟာဗောဓိ မဂ္ဂဒီပဏီ" စာအုပ်တွင် ဖော်ပြထားသည်။)

# ယုံကြည်၍ လွှဲအပ်သည်

ပင်းတုန်းမင်းကြီးသည် သာသနာတော်ကို ကြီးပွားစေလိုသော ဆန္ဒအားကြီးလှသော မင်းတစ်ပါးဖြစ်သည်။ မြန်မာတိုင်းပြည်အတွင်း၌ အထူးထူးသော အလှူဒါနနှင့်တကွ ပညာရှိအားလုံးက ချီးမွမ်းအံ့ဩကြရသော ပိဋကတ်သုံးပုံ ကျောက်ထက်အက္ခရာ တင်တော်မူသည့်ကိစ္စအဝဝကို ပြုပြီးနောက် မဇ္ဈိမဒေသို့ သာသနာတော် တစ်ဖန်ပြန်ရောက်စေလိုသော ဆန္ဒအားကြီးလှသောကြောင့် မှူးမတ်များကို များစွာသော အလှူတော်၊ (နန်းသုံး အဘိုးတန် ကျောက်သံပတ္တမြား)၊ ရွှေ ငွေ ဖြင့် လုပ်သော ပန်းကုံး၊ ပန်းခိုင်များနှင့်တကွ ခရစ် ၁၈၇၄–ခု၊ မြန်မာကောဇာ ၁၂၃၆ ခုနှစ်တွင် စေလွှတ်လှူဒါန်းစေခဲ့သည်။ သိန်း သန်း ကုဋေ တန်သော ဒေယျဓမ္မ ဒါတဗ္ဗဝတ္ထုပစ္စည်းတို့ကိုလည်း ဗောဓိပင်စောင့် ဟိန္ဒူ မဟန္တကီ ဇော်ဂျီအား ပရိဘောဂ တိုက်အိမ်ကြီးနှင့် လုံခြုံစွာ မပျောက်မပျက်ရအောင် စောင့်ရှောက်ပေးရန် ရှေးသူတော်ကောင်းများ ပီပီ ယုံကြည်လွှဲအပ်တော်မူခဲ့သည်။

ဤမျှသာမဟုတ်သေး ကောဇာသက္ကရာဇ် ၁၂၃၆ ခုနှစ်မှ နတ်ရွာစံသော ၁၂၄၀ ခုနှစ်တိုင်အောင်၊ နှစ်ပေါင်း ၄ နှစ်အတော်အတွင်း၌လည်း မပြတ်မလပ် မဟာဗောဓိဌာနရှိ ပျက်စီးယိုယွင်းနေသော ရှေးဟောင်းကျောင်း၊ ကန်၊ စေတီများကို ကြေးငွေအမြောက်အများ အကုန်ခံလျက် ပြုပြင်မွမ်းမံစေတော်မူခဲ့သည်။

ဤ ပြုပြင်မွမ်းမံသောကိစ္စသည် မင်းတရားကြီး နတ်ရွာစံပြီးသည်နောက် သားတော် "သီရိပဝရာ ဒိတျာလောကာ ဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ" တံဆိပ်နာမံတော်ရှိသော "သီပေါ" မင်းလက်ထက်တိုင်အောင်ပင် ဆက်လက်လုပ်ကိုင်ဆဲရှိသည်။

ကောဇာသက္ကရာဇ် ၁၂၃၆ ခုနှစ်၊ တန်ဆောင်မုန်းလအတွင်း စကြာယာဉ်မွန် မီးသင်္ဘောတော်တွင်တင်လျက် ဗောဓိပင်သို့ လှူဒါန်းပူဇော်တော်မူလိုက်သော ပဓာနအဘိုးတန်ပစ္စည်းစာရင်းမှာ ဘုရင်မင်းမြတ်၏ ကျောက်စာအရ –

(၁) စိန် လုံးရေ ၅၁၁။
(၂) မြ လုံးရေ ၃၁၁။
(၃) ကျောက်နီ လုံးရေ ၃၉၆၆။
(၄) ပုလဲ လုံးရေ ၆၂၃။
ပေါင်းလုံးရေ ၅၄၁၁။

အထက်ပါ ကျောက်သံပတ္တမြားများမှာ ဘုရင်မင်းမြတ်၏ ပဓာနအလှူတော်မျှသာဖြစ်သည်။ မိဖုရား၊ မင်းသား၊ မင်းသမီး၊ မှူးမတ်၊ သေနာပတိနှင့် အများပြည်သူတို့က ပါဝင်လှူဒါန်းလိုက်သော အလှူတော်များလည်းပါရှိသေး၏။

တောမှိုရဟန်း
(၂၂–၀၉–၂၀၀၀)



၂၅၂၀၃


WIN MYINT OO, 2001